မြန်မာ့အလင်း

၁၂၅၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၄၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။
၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံအကြီးအကဲ ရှိတ်ဆာဘား အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကူဝိတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ် နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၂၅-၂-၂၀၀၈

နေပြည်တော်

နေပြည်တော်နှင့်အနီး တစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

လက်ဖက်ခြောက်စက်ရုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း တာမိုးညဲမြို့နယ်ရှိ ဂူလုံလက်ဖက်ခြောက်နှင့် အချိုခြောက်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေသနှင့်ကိုက်ညီသည့် သီးနှံများ တိုးချဲ့စိုက်ပျိုးလုပ်ကိုင် စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေး တက်ညီလက်ညီကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ဇနာရီခွဲတွင် လားရှိုးမြို့ ရွှေလီရတနာခန်းမ၌ ရွှေလီ-မန်စံ-ရွှေစာရံ (၂၃၀) ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) စီမံကိန်းမန်နေဂျာ ဦးအောင်ကျော်ဦးက ရွှေလီ-မန်စံ-ရွှေစာရံ(၂၃၀)ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်၏ လျှပ်စစ်စွမ်းအားလိုအပ်ချက်အရ *စာမျက်နှာ ၉ ကော်လံ ၁* ✱

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်)

ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်ပေးလျက်ရှိ

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကကျသဖြင့် ကျေးရွာချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ၊ မြို့နှင့်ခရိုင်ချင်းဆက်လမ်းများ သာမက မြစ်ကူး၊ချောင်းကူး တံတားကြီးငယ်များကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းအတွင်းရှိ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)တွင် ကတ္တရာလမ်း ၃မိုင်၊ ကျောက်ချောလမ်း ၃၁မိုင်ကျော် ဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်သည်။

ဧရာဝတီတိုင်း ငရုတ်ကောင်းမြို့ရှိ ငရုတ်ကောင်း-ကွင်းဘက်လမ်းသည် အကျယ် ၁၈ပေ၊ အရှည် ၁၆မိုင်၇ဖာလုံ လမ်းကို ဖောက်လုပ်လျက်ရှိသည်။ အဆိုပါလမ်းပြီးစီးပါက ပတ်ဝန်းကျင်ကျေးရွာ ၁၂ရွာမှ ဒေသခံပြည်သူများ ပုသိမ်မြို့သို့ ကူးသန်းသွားလာမှု လွယ်ကူမြန်ဆန်ကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ တိုးတက်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

အလားတူ ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်တို့ကို ဆက်သွယ်သည့် ငွေဆောင်-ဆင်မ-ငရုတ်ကောင်းမြေသားလမ်းနှင့် ငရုတ်ကောင်း-ငရုတ်ကောင်းတောင် မြေသားလမ်းကိုလည်း မကြာမီက ဖွင့်လှစ်ပေးခဲ့ရာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ လျာထားချက်နှင့်အညီ တိုးမြှင့်ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေး အားကြိုးမာန်တက် ဖော်ဆောင်လျက်ရှိသည်။

ယခုအခါ ကျေးလက်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လျက်ရှိရာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်လာသည့်အပြင် ဒေသထွက်ကုန်ရောင်းဝယ်မှု လုပ်ငန်းများလည်း သွက်လက်ကောင်းမွန်နေပြီ ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းနေသည့် စံပြကျေးရွာများ ပေါ်ထွန်းလျက်ရှိရာ ကတ္တရာလမ်းသစ်များ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးရွာတွဲဖက်အခြေခံပညာအထက်တန်းကျောင်း၊ ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက်မီးလင်းရေး လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို ထူထောင်ထားရှိနိုင်ပြီ ဖြစ်သည်။

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်လျက်ရှိရာ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်အခြေခံကောင်းများကို ရေရှည်တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းမြှင့်တင်ရင်း ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်သွားကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင်အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီ တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဗဟိုလမ်းမ ရွှေဝါထွန်းလမ်းသွယ် အမှတ်၂၀၇/၅၉နေ ဦးထွဏ်းရည်၏အသက်(၆၂)နှစ်ပြည့် မွေးနေ့မင်္ဂလာအတွက် ဦးထွဏ်းရည်-ဒေါ်မြင့်မြင့်မိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပက အဖွဲ့ဝင်ဦးအေးကို၊ ဦးအုန်းကြိုင်နှင့်ဦးဟံညွန့်တို့က လက်ခံယူသည်။

(အောက်ပုံ) (က-ပ)

ဟုမ္မလင်းမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုး စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီစရက် နံနက်ပိုင်းက ဟုမ္မလင်းတပ်နယ်ခန်းမတွင် နယ်မြေခံတပ်နယ်မှ အရာရှိစစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက်တိုင်းမှူးသည် ဟုမ္မလင်းမြို့နယ်အားကစားခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ဟုမ္မလင်းမြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်ဥက္ကဋ္ဌဦးလှထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဟုမ္မလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းစာများတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်သင်းက လိုက်လံရှင်းလင်းပြသပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည် ဟုမ္မလင်းမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လမ်းသစ်နှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် တိုင်းစည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးမြားဒိုနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးကလမ်းသစ်မှုခ်ဦး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၂၅-၂-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၂၀ ၈။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** အပိုင်း(၇၅)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ)(အပိုင်း-၃၅)

အမှတ် ၂၈(အေ) ရွှေတောင်ကြား လမ်း ရွှေတောင်ကြား(၂)ရပ်ကွက် ဗဟန်းမြို့နယ်နေ ဦးမောင်မောင်မိုးဇော်-ဒေါ်မေရတနာခင်၊ သားကြီးဥက္ကာမောင်မောင်မိုးဇော်၊ သားငယ်ဝဏ္ဏမောင်မောင်မိုးဇော်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးတင်မောင်ဝင်း လက်ခံယူစဉ်။

(က-ပ)

● *ကျောဖုံးမှ*

အဆိုပါလေယာဉ်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)နှင့် မန္တလေး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံတို့၌ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၇ ရက်အထိ မြန်မာနိုင်ငံမှ မျက်စိရောဂါဝေဒနာရှင်များကို ခွဲစိတ်ကုသပေးခြင်း၊ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းသားများကို သင်တန်းပို့ချပေးခြင်း၊ မြန်မာ့ဆေးပညာရှင်များနှင့် အတွေ့အကြုံဖလှယ်ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နဝမအကြိမ်မြောက် ဝိနယာဓိကစာပြန်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သံဃနာယကအဖွဲ့က ဦးစီးကျင်းပသော (နဝမ)အကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာသံဃဂိုဏ်းပေါင်းစုံ ဝိနယာဓိက စာပြန်၊ စာဖြေဆိုပွဲကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ ၄၆ ရပ်ကွက် အောင်ဓမ္မရိပ်သာပရိယတ္တိစာသင်တိုက်တွင် ကျင်းပခဲ့ရာ သံဃာတော်အပါး ၃၂၀ ဝင်ရောက် ဖြေဆိုတော်မူကြသည်။

စာအောင် သံဃာတော်အရှင်သူမြတ်များအား ဆုနှင်းသဘင်ကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သံဃနာယကဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်၍ **(အောက်ပုံ)** အောင်လက်မှတ်များ ဆက်ကပ်ခဲ့ပြီး အလှူဒါယကာ၊ ဒါယိကာမများကလည်း လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မပွဲစကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၆ လမ်းနေ မိခင်ကြီးဒေါ်မြင့်ရီအား အမှူးထား၍ သမီး ဒေါက်တာဒေါ်လှလှအေးမိသားစုက ကြေးပြားသုံးချပ်နှင့် ပဲခူးတိုင်း တောင်ငူမြို့ ၇ လမ်းနေ ဦးအောင်ကျော်-ဒေါ်စန်းမြင့်မိသားစုက ကြေးပြားတစ်ချပ် စုစုပေါင်း ကြေးပြားလေးချပ် တန်ဖိုးငွေကျပ် ၁၀၀၀၀၀ ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံ လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်တော်မူစဉ်။ (က-ပ)

ဖြူးဆရာတော်၏ ဓမ္မသဘင်များ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ပြည်တွင်း ပြည်ပ မဟာစည်နာယက) အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၂၅ ရက်တွင် မုံရွာမြို့ အောင်ချမ်းသာရွာ၊ ၂၆ရက်တွင် မုံရွာမြို့၊ ၂၇ ရက်တွင် တံတားဦးမြို့ မေဃဝန်ကျောင်း၊ ၂၈ ရက်တွင် မတ္တရာမြို့ စကျင်ရွာ၊ ၂၉ ရက်တွင် အဖျောက်မြို့ အောက်ရေဆန်ကုန်းရွာ၊ မတ် ၁ ရက်တွင် တိုက်ကြီးမြို့၊ ၂ရက်တွင် သန်လျင်မြို့ ကွမ်းခြံကုန်းရွာ၊ ၃ ရက်တွင် ရန်ကုန် စမ်းချောင်း၊ ၄ ရက်တွင် မြင်းခြံ သာမဏေကျော်နှင့် ၅ ရက်နှင့် ၆ရက်တွင် တောင်ငူမြို့ ဓမ္မသဘင်တို့၌ ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၂-၂၀၀၈ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၃၀ ၈။ International News
၈း၄၅ ၉။ Grammar made Easy
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၆း၄၅ ၄။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(ပထဝီဝင် ဘာသာရပ်)
၁၇း၁၅ ၅။ အကပဒေသာ
၁၇း၂၅ ၆။ **စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်နယ်)၊ သဇင်၊ နှင်းဆီ၊ ခင်မိုမို့အေး [ဒါရိုက်တာ-တင်အောင်ရွှေ(သုတေသီ)]
၁၇း၃၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၁၇း၄၅ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
၁၈း၅၀ ၁၂။ တေးဂီတအစီအစဉ်
၁၉း၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်.... ချစ်တယ်** (အပိုင်း-၂)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျှဉ်းပြိုင်** (အပိုင်း-၆)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းများဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဘုတ်ပြင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၈)ကို ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်က ချောင်းကဖီးကျေးရွာ သမ္မာအသိကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေး

ရေးဦးစွာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချိုဦးက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် မြို့နယ်ဦးစီးမှူး ဒေါ်နီနီချိုနှင့် ရုပ်သံကျွမ်းကျင်-၃ ဒေါ်အေးပိုတို့က အခြေခံစာကြည့်တိုက်ပညာများ ပို့ချဆွေးနွေးသည်။

သင်တန်း ဒုတိယနေ့တွင် လက်တွေ့ဆောင်ရွက်ကြပြီး ဆန်းစစ်လွှာများဖြေဆိုကြရာ ပထမ ဒေါ်သက်ထားဆွေ၊ ဒုတိယ ဒေါ်ချစ်ချစ်မိုးနှင့် တတိယ ဒေါ်ဇင်မာမြင့်တို့ ရရှိကြသည်။

ဖွင့်လှစ်

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၂/၂၀၀၈)ကို ဖေဖော်ဝါရီ ၇ရက်၊ ၈ ရက်၌ ကြိမ်နီတောင်ကျေးရွာတွင်လည်းကောင်း၊ (၃/၂၀၀၈)ကို ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၄ ရက်၌ ချောင်းကရက်ကျေးရွာ **(အောက်ပုံ)**တွင်လည်းကောင်း အသီးသီး ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၄)၊ အမှတ်(၉)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၄)၊ အမှတ်(၉)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အောင်မြင်ခြင်းဆင်ကြီးနှင့် မျက်မမြင်ပုဏ္ဏားများ အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ယောက်ျားလေးများ အသက်ရှစ်နှစ်မှ ၁၄ နှစ်ကြားရောက်ရှိချိန် ကျားသဘာဝစိတ်မှ လမ်းလွဲစေနိုင်သည့်အဖြစ်နှင့် ကြုံတွေ့နိုင်၍ အထူးဂရုပြုရန်လို၊ ပလတ်စတစ်စွန့်ပစ်အမှိုက်မှ လောင်စာဆီထုတ်ရန်စမ်းသပ်၊ သုံးကောင်မိလျှင် တစ်ကောင်ပေးစနစ်ဖြင့် တောဆင်ရိုင်းများ ဖမ်းဆီးခွင့်ချထားပေး၊ မီးသုံးစွဲသူများ၏ ပေါ့ဆမှုနှင့် ကမ္ဘာကြီးပူနွေးမှုဖြစ်စဉ်အရ ပူပြင်းမှုကာလများခဲ့ခြင်းတို့က မီးလောင်မှုများဖြစ်စေနိုင်စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ အလုပ်နှင့် ပညာရေးလမ်းညွှန် သင်တန်းသားလုပ်သားအဖြစ် ဂျပန်သွားမည်ဆိုလျှင် နှင့် ရွှေရတုအလွန်ဆန္ဒ၊ ပျော်ရွှင်သူကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

ဖြန့်ချိ

ကျွန်တော်သာလျှင် အတွေ့အကြုံပိုရှိ၊ အမြော်အမြင်ပိုရှိပါတယ် ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းနှင့် တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ ဒီမိုကရေစီကျင့်စဉ်နှင့်မညီသော ဖြေရှင်းမှုများကြောင့် ကင်ညာအရေးအခင်းဖြစ်ရ၊ အမေရိကန် ဆယ်ကျော်သက်အရွယ် Hacker တစ်ဦးမှ ကန်စစ်ဘက်ဆိုင်ရာ ကွန်ပျူတာများအပါအဝင် ကွန်ပျူတာအလုံးရေ တစ်သိန်းကျော်အတွင်းသို့ ဝင်ရောက်မွှေနှောက်ဖျက်ဆီးခဲ့ပြီးနောက်ပြန်လည်တောင်းပန်၊ တရုတ်နိုင်ငံ ခေါင်းဆောင်ဟောင်း မော်စီတုံး၏ လူငယ်ဘဝကို ရိုက်ကူးထားသော မှတ်ဆိတ်မဲ့ဥက္ကဋ္ဌ မော်တီဗွီဇာတ်လမ်းတွဲ အထူးလူကြိုက်များနေ၊ ခေတ်တွေဘယ်လိုပြောင်းပြောင်း ချစ်သူရွေးနည်းမပြောင်း၊ ကမ္ဘောဒီးယားအစိုးရက နိုင်ငံအတွင်း လူ့အခွင့်အရေးဆုံးရှုံးခြင်းများ လုံးဝမရှိဟု ငြင်းဆို၊ ဖိလစ်ပိုင်သမ္မတအား အယ်လ်ခိုင်ဒါစစ်သွေးကြွများက လုပ်ကြံမည့်အစီအစဉ် တာဝန်ရှိသူများ ဖော်ထုတ်နိုင်ခဲ့ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

အပစ်အခတ်ရပ်စဲရေး ပယ်ဖျက်လိုက်ပြီးနောက် ကိုလံဘိုမြို့ ၌ ဘတ်စ်ကား ဖုံးခွဲမှုများဆက်တိုက်ဖြစ်ပွား

ကိုလံဘို ဖေဖော်ဝါရီ ၂၄

သီရိလင်္ကာနိုင်ငံမြို့တော် ကိုလံဘိုမြို့ ဆင်ခြေဖုံး၌ ဘတ်စ်ကားပေါ်တွင် ဖေဖော်ဝါရီ ၂၃ ရက်က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး ၁၈ ဦး ဒဏ်ရာရရှိသွားကြောင်း သီရိလင်္ကာ စစ်ဘက် တာဝန်ရှိသူများက ပြောကြားသည်။

လက်ချက်

အဆိုပါ ဗုံးပေါက်ကွဲမှုသည် ကိုလံဘိုမြို့ လာဗင်နီးယားတောင် တောင်ပိုင်းရှိ ဘတ်စ်ကားမှတ်တိုင်တစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အစိုးရတပ်များက တမီးလ်ကျားသူပုန်များ၏ လက်ချက်ဖြစ်ကြောင်း အပြစ်ဆိုလိုက်သည်။

အထုပ်တစ်ထုပ်

ယင်းဘတ်စ်ကားပေါ်တွင် သံသယရှိသော အထုပ်တစ်ထုပ်ကို အမျိုးသမီးတစ်ဦး တွေ့ရှိပြီး ခရီးသည်များ ကားပေါ်မှ ဆင်းပြေးသွားချိန် မကြာမီ အချိန်လေးတွင် ပေါက်ကွဲခဲ့ကြောင်း စစ်ဘက် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ဖေဖော်ဝါရီ ၂၃ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရသည့် မြင်ကွင်း။

(အင်တာနက်ဓာတ်ပုံ)

အပစ်အခတ်ရပ်စဲရေး

သီရိလင်္ကာရအစိုးရက ပြီးခဲ့သောလတွင် တမီးလ်ကျားသူပုန်များနှင့် အပစ်အခတ် ရပ်စဲရေးစာချုပ် ချုပ်ဆိုထားရာမှ ပယ်ဖျက်လိုက်ပြီးနောက် တမီးလ်ကျားသူပုန်များက ဘတ်စ်ကားများကို ပစ်မှတ်ထား၍ ဆက်လက်တိုက်ခိုက်မှုများ ပြုလုပ်လာလျက် ရှိသည်။

နေ့စဉ်တိုက်ပွဲများ

အပစ်အခတ်ရပ်စဲမှု အဆုံးသတ်လိုက်ပြီးနောက် နေ့စဉ်တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ အစိုးရတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုများကြောင့် တမီးလ်ကျားသူပုန်၁၀၀၀ကျော်သေဆုံးခဲ့ရပြီး အစိုးရတပ်ဖွဲ့ဝင် ၈၃ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အရှေ့တီမော အရေးပေါ်အခြေအနေ ကြေညာချက် သက်တမ်းတိုးရန် လွှတ်တော်၌ မဲခွဲဆုံးဖြတ်

ဒီလီ ဖေဖော်ဝါရီ ၂၄

အရှေ့တီမောသမ္မတနှင့် ဝန်ကြီးချုပ်တို့ကို လုပ်ကြံရန် ကြိုးပမ်းမှုများ ပေါ်ပေါက်ပြီးနောက် ထုတ်ပြန်သည့် အရေးပေါ်အခြေအနေကို အရှေ့တီမော ပါလီမန်က နောက်ထပ် ရက်ပေါင်း ၃၀ သက်တမ်းတိုးလိုက်သည်။

အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်တွင် လူစုလူဝေးမပြုလုပ်ရန် တားမြစ်ချက်နှင့် ညမထွက်ရအမိန့်တို့ အကျုံးဝင်သည်။

သမ္မတဟိုဆေးရာမို့စ် ပြင်းထန်စွာ ဒဏ်ရာရစေသည့် အကြမ်းဖက် တိုက်ခိုက်မှု ဖြစ်ပွားပြီးကတည်းက လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားတို့ကို ခြေရာခံ လိုက်လံရှာဖွေနေသည်။

အရေးပေါ်အခြေအနေ သက်တမ်းတိုးရေးအဆိုကို ပါလီမန်က ထောက်ခံမဲ ၃၄မဲ၊ကန့်ကွက်မဲ ၁၂မဲဖြင့် အတည်ပြု ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

(အင်တာနက်)

တောင်ကိုရီးယားရောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး မုဒိမ်းမှုကျူးလွန်ခဲ့၍ စုံစမ်းစစ်ဆေးလျက်ရှိ

ဆိုးလ် ဖေဖော်ဝါရီ ၂၄

တောင်ကိုရီးယားနိုင်ငံ၌ အခြေစိုက်စခန်းချထားသော တာဝန်ကျ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးက အသက် ၁၉နှစ်အရွယ်ရှိ ကိုရီးယား မိန်းမပျိုတစ်ဦးကိုလိင်မှုကျူးလွန်ခဲ့သဖြင့် စုံစမ်းစစ်ဆေးနေကြောင်း တောင်ကိုရီးယားနိုင်ငံထုတ် သတင်းစာ ယွန်ဟပ်က ဖေဖော်ဝါရီ ၂၁ရက်၌ ရေးသားဖော်ပြသည်။

အင်တာနက်မှတစ်ဆင့်

အဆိုပါအမေရိကန်တပ်ဖွဲ့ဝင်သည် အင်တာနက်မှတစ်ဆင့် မိန်းကလေးနှင့် တွေ့ဆုံခဲ့ပြီးနောက် ဖေဖော်ဝါရီ ၂၀ ရက်က ဆိုးလ်မြို့၌ မုဒိမ်းမှုကျူးလွန်ကြောင်း စွပ်စွဲထားသည်။

ယင်းကိစ္စအတွက် ယူအက်စ်အက်ဖ်ကေတပ်နှင့်တောင်ကိုရီးယား အာဏာပိုင်များ အပြည့်အဝ ပူးပေါင်းစုံစမ်းသွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ယောင်ကျူက ယွန်ဟပ်သို့ ပြောကြားသည်။

တပ်စခန်းချ

တောင်ကိုရီးယားနိုင်ငံ၌အမေရိကန်တပ်ဖွဲ့ဝင် ၂၈၀၀၀ တပ်စခန်းချထားသည်။

ရိုက်နှက်ခဲ့

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးသည် တောင်ကိုရီးယားနိုင်ငံ ဒေဂူးမြို့ စားသောက်ဆိုင်တစ်ဆိုင်၌ တောင်ကိုရီးယား အမျိုးသမီးတစ်ဦးအား ရိုက်နှက်ခဲ့သည့်အတွက် ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

ဖမ်းဆီးလိုက်

ပြီးခဲ့သည့်နှစ် ဇန်နဝါရီလကလည်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ဆိုးလ်မြို့၌ အသက် ၆၇ နှစ်အရွယ်ရှိ ကိုရီးယား အမျိုးသမီးတစ်ဦးအား မုဒိမ်းမှုကျူးလွန်ခဲ့၍ ဖမ်းဆီးလိုက်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နေ့ခင်းအခါ ငိုက်အိပ် အိပ်တတ်သူများ လေဖြတ်မည့်လက္ခဏာကို ပြသခြင်းဖြစ်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၄

နေ့အချိန်တွင်ရည်ရွယ်ချက်မရှိဘဲ တမေ့ အိပ်စက်တတ်သော သူများသည် အသက်ကြီးလာသည့်အခါ လေဖြတ်မည့် လက္ခဏာကို ပြသဖွယ်ရှိကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

တမေ့အိပ်စက်

နေ့အခါတွင် တမေ့အိပ်စက်တတ်သော သူများသည် နေ့အချိန်၌ လုံးဝမအိပ်သောသူများထက် နှစ်ဆ၊သုံးဆ လေဖြတ်ရန် နီးစပ်နေကြောင်း သုတေသနပြုလေ့လာချက်တစ်ရပ်အရသိရသည်။

သုတေသန

ရုပ်မြင်သံကြားရှေ့၌ ငိုက်မျဉ်းအိပ်တတ်သော သက်ကြီးရွယ်အိုများအား စစ်ဆေးနိုင်ရန် နိုင်ငံတကာ လေဖြတ်ခြင်းဆိုင်ရာ ကွန်ဖရင့်တစ်ရပ်၌ အဆိုပါ သုတေသန လေ့လာရေးအဖွဲ့က ပြောကြားသည်။

လေ့လာဆန်းစစ်

နေ့အခါတွင် ငိုက်မျဉ်း အိပ်ပျော်တတ်သော သူ ၂၀၀၀ အား လေ့လာဆန်းစစ်ကြည့်ရာမှ အထက်ပါအချက်ကို လေ့လာတွေ့ရှိခဲ့သည်ဟုဆိုသည်။

ပြောကြား

နေ့ခင်းအခါ ငိုက်မျဉ်းအိပ် တတ်သောသူများသည် မအိပ်သောသူများထက် လာမည့်နှစ်နှစ်အတွင်းလေဖြတ်ရန် ၂ ဒသမ ၆ဆပိုများကြောင်း ယင်းအဖွဲ့က ပြောကြားသည်။

(အင်တာနက်)

ငိုက်အိပ် အိပ်ပျော်နေသူတစ်ဦးကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘတ်စ်ကားနှင့်အိမ်စီးကားတိုက်မိ၊ ၁၇ ဦး ပွဲချင်းပြီးသေဆုံး

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၄

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ ဖေဖော်ဝါရီ ၂၁ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး မိသားစုဝင် ၁၇ နှစ်ဦး သေဆုံးခဲ့ပြီး အခြား ၁၂ဦး ဒဏ်ရာရရှိသွားကြောင်း အန်အန်အိုင် သတင်းဌာနက ဖော်ပြသည်။

ပွဲချင်းပြီးသေဆုံး

အသုဘအခမ်းအနားတက်ရောက်ပြီး ဇာတိမြို့သို့ပြန်လာကြသော ၁၇ ဦးပါ မိသားစုတစ်စုစီးနင်းလိုက်ပါလာသည့် ဝက်စ်ဂွန်ကားနှင့် ဘတ်စ်ကားတို့တိုက်မိကြရာ ၁၇ ဦး ပွဲချင်းပြီး သေဆုံးသွားသည်။

အမြန်တင်ပို့

အဆိုပါ ယာဉ်တိုက်မှုမှာ ပန်ဂျပ်ပြည်နယ် ဂျေဟန်းမြို့အနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပွဲချင်းပြီးသေဆုံးသူများတွင် အမျိုးသမီး၁၃ဦးနှင့်ကလေးနှစ်ဦးပါဝင်ကြောင်း ရဲတပ်ဖွဲ့နှင့်ဆရာဝန်များကပြောကြားသည်။ ဒဏ်ရာရသူများအား နီးစပ်ရာဆေးရုံသို့ အမြန်တင်ပို့လိုက်ရသည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရုရှားနိုင်ငံ၏လူဦးရေကျဆင်းလာ

မော်စကို ဖေဖော်ဝါရီ ၂၄

ရုရှားနိုင်ငံ၏လူဦးရေသည် အနှစ် ၅၀အတွင်း လူဦးရေသိသာစွာ ကျဆင်းခဲ့ရာ ၂၀၀၇ ခုနှစ်တွင် လူဦးရေ၁၄၂ သန်းအထိ ကျဆင်းခဲ့ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က တရားဝင်ထုတ်ပြန်ထားသော စာရင်းဇယားများ၌ ဖော်ပြသည်။

ထုတ်ပြန်ကြေညာ

ရုရှားနိုင်ငံ၏ လူဦးရေသည် ပြီးခဲ့သည့်နှစ်က ၁၄၂ သန်း ရှိခဲ့ရာမှ ၂၀၀၈ခုနှစ်ဇန်နဝါရီ ၁ ရက်တွင် လူဦးရေ ၂၃၇၈၀၀ ကျဆင်းခဲ့ကြောင်း နိုင်ငံတော် စာရင်းအင်းဌာန၏ ထုတ်ပြန်ကြေညာချက်ကို ကိုးကားလျက် ရုရှားသတင်းဌာန အာရ်အိုင်အေသတင်းဌာနက ဖော်ပြသည်။

လူနှစ်သန်းအထိ သေဆုံး

ရုရှားနိုင်ငံ၏လူဦးရေသေပျောက်နှုန်းသည် ၂၀၀၆ခုနှစ်ကနှင့် နှိုင်းစာလျှင် ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ လူနှစ်သန်းအထိ သေဆုံးမှုရှိခဲ့ကြောင်း ထိုစဉ်အတွင်း မွေးဖွားနှုန်းမှာ နှစ်ချင်းအလိုက် ၈ ဒသမ၃ရာခိုင်နှုန်းရှိကာ လူဦးရေ ၁ ဒသမ ၆သန်း မွေးဖွားခဲ့ကြောင်း စာရင်းဇယားတွင် ဆက်လက်ဖော်ပြသည်။

ထက်ဝက်နီးပါး

သေဆုံးသူထက်ဝက်နီးပါးမှာ နှလုံးရောဂါကြောင့် ဖြစ်သည်။ အရက်အလွန်အကျွံသောက်သုံးမှု၊ ယာဉ်တိုက်မှုနှင့် ကင်ဆာဖြစ်ပွားမှုတို့ကြောင့် ၂၀၀၇ ခုနှစ်အတွင်း လူပေါင်း ၅၀၀၀၀၀ သေဆုံးခဲ့ရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မူးယစ်ဆေးဝါးနှိမ်နင်းရေး ပြတ်သားစွာလုပ်ရန် ထိုင်း ဝန်ကြီးချုပ် ဆမတ် စီစဉ်လျက်ရှိ

ဗန်ကောက် ဖေဖော်ဝါရီ ၂၄

ထိုင်းဝန်ကြီးချုပ် ဆမတ်ဆူဒါရာဗက်က လူပေါင်း ၂၅၀၀ သေဆုံးခဲ့သည်ဆိုသည့် အငြင်းပွားဖွယ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အစီအစဉ်ကို ပြန်လည်ချမှတ်ရန် စီစဉ်လျက်ရှိသည်။

ပြတ်ပြတ်သားသား

ဒီဇင်ဘာရွေးကောက်ပွဲ၌ရွေးချယ်တင်မြှောက်ခံခဲ့ရသည့် ဝန်ကြီးချုပ် ဆမတ်က မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများကို ပြတ်ပြတ်သားသား နှိမ်နင်းရန် မစ္စတာဆမတ်က အာမခံထားသည်။

အညွှာတကင်း

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ် ကဲ့သို့ပင် မူးယစ်ဆေးဝါးတိုက်ဖျက်ရာ၌ အညွှာတကင်းသည့်နည်းဗျူဟာများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မူးယစ်ပြဿနာ

ဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝပ်၏ ၂၀၀၃-၂၀၀၄ ခုနှစ် မူးယစ်ဆေးဝါး နှိမ်နင်းရေး စစ်ဆင်မှုမှာ ပြည်သူ့ထောက်ခံမှုရရှိပြီးကြီးထွားလာသော မူးယစ်ပြဿနာကို တားဆီးနိုင်ခဲ့သည်။ သို့သော် လူပေါင်း၂၅၀၀ ခန့်သေဆုံးခဲ့သည်။ **(အင်တာနက်)**

ထိုင်းဝန်ကြီးချုပ် ဆမတ်ဆူဒါရာဗက်

ဘဝအမောပြေ

တတ်လိုက်တဲ့သား ...

ပထမတန်းတက်နေသော သားငယ်ကို ဖခင်ဖြစ်သူက မည်မျှစာတတ်နေသည်ကို သိလိုသဖြင့် မေးလေသည်။

ဖခင် ။ ။ သား စာတွေတော်တော် တတ်နေပြီလား။
သားငယ် ။ ။ တတ်နေပါပြီ ဖေဖေ။
ဖခင် ။ ။ ဒါဆိုရင် ၂ × ၃ ဘယ်လောက်လဲ။
သားငယ် ။ ။ ခြောက်။
ဖခင် ။ ။ သားက တော်တယ်။
ဒါဆိုရင် ၃ × ၂ ဆိုရင်ကော ဘယ်လောက်လဲကွာ။
သားငယ်။ ။ ခြောက်ပြောင်းပြန်။

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

မက္ကဆီကိုနိုင်ငံအနောက်မြောက်ပိုင်း ဒူရန်ဂိုမြို့တွင် ဖေဖော်ဝါရီ ၂၃ရက်က အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားရာ မီးသတ်သမားများ မီးငြိမ်းသတ်နေသည့်မြင်ကွင်းကို ဤသို့တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

အရေးပေါ်ပြင်ဆင်

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ် ရှိကွန်မြို့၌ ဖေဖော်ဝါရီ၂၄ရက်က နှင်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော မဟာဓာတ်အားလိုင်းတာဝါတိုင်တစ်ခုကို အရေးပေါ်ပြင်ဆင်နေကြသည့် ဝန်ထမ်းများ၏ လုပ်ရှားမှုမြင်ကွင်း။
(အင်တာနက်ဓာတ်ပုံ)

ချူစာတ်ပေါင်းဖို ပူးတွဲတည်ဆောက်ရန် အာဂျင်တီးနားနှင့် ဘရာဇီးသဘောတူညီ

ဗျူနိုအေရိစ် ဖေဖော်ဝါရီ ၂၃

စွမ်းအင်ပြတ်လပ်တော့မည့်အရေး ကိုင်တွယ်ဖြေရှင်းရန်အတွက် အာဂျင်တီးနားနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့သည် နျူကလီးယားဓာတ်ပေါင်းဖို ပူးတွဲတည်ဆောက်ရန် သဘောတူညီလိုက်ကြပြီဖြစ်သည်။

တောင်အမေရိကမှ စီးပွားရေးအတောင့်တင်းဆုံးနိုင်ငံများဖြစ်ကြသည့် ဤနှစ်နိုင်ငံက ကာကွယ်ရေးနှင့် စွမ်းအင်စီမံကိန်းများ တိုးချဲ့ရေးအစီအစဉ်မှ အစိတ်အပိုင်းတစ်ခုအဖြစ် အထက်ပါအတိုင်း သဘောတူကြခြင်းဖြစ်သည်။

ဗျူနိုအေရိစ်မြို့၌ အာဂျင်တီးနားသမ္မတ ခရစ္စတီးနားဖာနန်ဒက်ဇ်နှင့် ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားတို့ တွေ့ဆုံအပြီးတွင် နျူကလီးယားဓာတ်ပေါင်းဖို ပူးတွဲတည်ဆောက်ရန်ကိစ္စကို ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

မိမိတို့နှစ်နိုင်ငံသည် ဂြိုဟ်တုတစ်လုံးကို ပူးတွဲလွှတ်တင်ထားမည်ဖြစ်ကြောင်း သမ္မတလူလာဒါဆီးလ်ဗားက ပြောဆိုသည်။ **(အင်တာနက်)**

အမေရိကန်တို့သာ နိုင်ငံရေးပြောင်းလဲရမည် ဗီဒယ်ကက်စထရို ပြောကြား

ဟာဗားနား ဖေဖော်ဝါရီ ၂၃

အမေရိကန်သမ္မတဖြစ်ရန် ဆန္ဒရှိသူများက ကျူးဘားနိုင်ငံ ပြောင်းလဲရေးကို ပြောဆိုနေကြခြင်းနှင့်ပတ်သက်၍ ပြောင်းလဲရန်လိုအပ်နေသည်မှာ အမေရိကန်နိုင်ငံအတွင်း၌သာဖြစ်ကြောင်း ဖီဒယ်ကက်စထရိုက ဖေဖော်ဝါရီ ၂၂ရက်၌ တုံ့ပြန်ပြောကြားလိုက်သည်။

အမေရိကန်သမ္မတရွေးကောက်ပွဲ၏ အကြိုရွေးပွဲများတွင် ကိုယ်စားလှယ်လောင်းများက ကျူးဘားနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးကို တောင်းဆိုနေသော်လည်း မိမိတို့နိုင်ငံ ပြောင်းလဲခဲ့သည်မှာ ကြာပြီဖြစ်ပြီး နောက်ကြောင်းမပြန်ဘဲ ရှေ့သို့သာ လျှောက်လှမ်းလျက်ရှိကြောင်း ဖီဒယ်ကက်စထရိုက ရှင်းပြသည်။

ပြောဆိုမဲဆွယ်

အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် အပြိုင်မဲဆွယ်စည်းရုံးနေကြသည့် ကိုယ်စားလှယ်အားလုံးသည် ထောက်ခံမဲ ပိုမိုရရှိရန် ကျူးဘားနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးကို မဖြစ်မနေ ပြောဆိုမဲဆွယ်နေကြခြင်းသာဖြစ်ကြောင်း ဖီဒယ်ကက်စထရိုက ဝေဖန်လိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

မဆင်မခြင်စားသုံးခဲ့ပါလျှင် . . . .

ဘရာဇီးနိုင်ငံ ထရူးဗီးရားမြို့တွင် ဖေဖော်ဝါရီ ၂၃ရက်က အစာအဆိပ်သင့်မှုကြောင့် လူငယ်တစ်ဦးသေဆုံးပြီး နှစ်ဦး ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း ထရူးဗီးရားရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ အသက်၁၅နှစ်အရွယ် ဗီကတ်စ်နှင့် အသက်၁၆နှစ်အရွယ် အီဗူရက်စ်တို့ အပါအဝင် အခြားသူငယ်ချင်းတစ်ဦးတို့သည် မြွေသားနှင့် မှိုများကို ချက်ပြုတ်စားသောက်ခဲ့ပြီးနောက် နာရီပိုင်းအကြာ မူးဝေအော့အန်ကြသဖြင့် ဆေးရုံတင်ပို့ခဲ့ရာမှ ဆေးရုံအရောက်တွင် ဗီကတ်စ်အမည်ရှိလူငယ် သေဆုံးခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် ဆန်းပြားသော အစားအစာများကို ရောနှောချက်ပြုတ်မစားသင့်ကြောင်း ဤဖြစ်ရပ်က သင်ခန်းစာအဖြစ် ဖော်ပြလျက်ရှိသည်။

မောင်မောင်မြင့်ဆွေ

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ဒေါသကွန်ရက် ဖြန့်ကြက်မိရာဝယ် . . . .

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

လန်ဒန်မြို့သည် အင်္ဂလန်နိုင်ငံမြို့တော်ဖြစ်ပြီး လူရှစ်သန်းကျော်နေထိုင်ကာ စည်ကားလှသော မြို့ကြီးတစ်မြို့ဖြစ်သည်။ ယခုအခါ အသက် ၃၇နှစ် အရွယ်ရှိ မာ့ခ်ဒိုင်ဆီသည် လန်ဒန်မြို့တွင် မွေးဖွားကြီးပြင်းလာသူဖြစ်သည်။ ဒိုင်ဆီသည် စားသောက်ဆိုင်တွင် စားဖိုမှူးအဖြစ် အလုပ်လုပ်နေသူဖြစ်သည်။ အကြော်အလှော် အချက်အပြုတ် ကောင်းသဖြင့် စားသောက်ဆိုင်ပိုင်ရှင်တိုင်းလိုလိုသူ့အား သဘောကျသောကြောင့် အလုပ်မရှားသူ ဖြစ်သည်။

အနိုင်ယူသွားခဲ့

သို့ရာတွင် ဒိုင်ဆီ၏ဘဝတွင် အလိုဆန္ဒနောက်သို့ လိုက်ကာ အမှားကြီး မှားခဲ့မှုကြောင့် ယခုလောလောဆယ်တွင် သူ့အနေဖြင့် ဒုက္ခန္တဲတောထဲမှ ရုန်းမထွက်နိုင်သော အခြေအနေနှင့် ကြုံနေရသည်။ မကောင်းမှုတွင် မွေ့လျော်နေခဲ့သူ ဒိုင်ဆီသည် ၎င်းဒုစရိုက်အလုပ်များကို လုံးဝစွန့်လွှတ် ရှောင်ကြဉ်ရန် ကြိုးစားခဲ့သော်လည်း သူ့စိတ်ကို မထိန်းနိုင်ခဲ့ပြန်ပေ။ သူ့အနေဖြင့် မကောင်းမှုမှ ရုန်းထွက်နိုင်အောင် ကြိုးစားခဲ့သော်လည်း နောက်ဆုံးတွင် ပြုပြင်ပြောင်းလဲချင်သော စိတ်ကို မကောင်းမှုတွင် ပျော်မွေ့နေသော စိတ်က အနိုင်ယူလွှမ်းမိုးခဲ့သည်။ မကောင်းမှုတွင် မွေ့လျော်နေသော သူ့စိတ်၏ လွှမ်းမိုးမှုကို မတွန်းလှန်နိုင်ဘဲ စိတ်၏ အလိုကို လိုက်ခဲ့သောကြောင့်လည်း တည်ငြိမ်အေးချမ်းနေသော သူ၏ဘဝသည် ခက်ထန်ကြမ်းတမ်းသော အသွင်ဆောင်ခဲ့ရသည်။ ထိုမှားယွင်းမှုကြောင့်ပင် သူ၏ဘဝမှာ ခယောင်းလမ်းကို ဖြတ်ကျော်နေရသူပမာ ဖြစ်နေခဲ့ရသည်။

ညှော်ခံကျွေးမွေး

ထိုအမှားကား အခြားမဟုတ်ပေ။ ၂၀၀၅ခုနှစ် စက်တင်ဘာလအတွင်းက ညတစ်ညတွင် သူ၏ ၃၅နှစ်မြောက် အထိမ်းအမှတ်အဖြစ် မွေးနေ့ပွဲကျင်းပခဲ့သည်။ သူအလုပ်လုပ်ကိုင်နေရာ လန်ဒန်မြို့တောင်ပိုင်းမှ ကရွိုင်ဒန်အရပ်ရှိ စားသောက်ဆိုင်တွင်ပင် ညှော်ခံခဲ့ခြင်းဖြစ်သည်။ စားသောက်ဆိုင်တွင် စားဖိုမှူးဖြစ်သဖြင့် ဒိုင်ဆီသည် အသောက်အစားနှင့် မကင်းချေ။ သူ့အနေဖြင့် မွေးနေ့ရှင်ဖြစ်သဖြင့် မိတ်ဆွေအပေါင်းအသင်းများကို ညှော်ခံကျွေးမွေးသကဲ့သို့ သူကိုယ်တိုင်လည်း အရက်ကို တစ်ခါမျှ အလွန်အကျွံမသောက်ခဲ့ဖူးဘဲ သောက်မိခဲ့သည်။ ထိုသို့ အလွန်အကျွံသောက်စားခဲ့မှုကြောင့် ထိုနေ့ညသန်းခေါင်အချိန်တွင် သူ့အနေဖြင့် လူမှန်းသူမှန်း မသိအောင် မူးယစ်နေခဲ့တော့သည်။

ရင်ဆိုင်ခဲ့ရ

ထိုအချိန်တွင် မိတ်ဆွေများနှင့် သူအလုပ်လုပ်ကိုင်ရာဆိုင်ရှိ အလုပ်သမားများလည်း အိပ်ပျော်ကုန်ကြပြီဖြစ်ရာ အိမ်မပျော်နိုင်သေးသူမှာ သူတစ်ဦးတည်းသာ ကျန်တော့သည်။ အရက်အလွန်အကျွံသောက်ခဲ့မိသဖြင့် အမူးလွန်ကာ အိပ်မရသူ ဒိုင်ဆီသည် အမူးပြေလိုပြေငြား စားသောက်ဆိုင်ပရဝဏ်၏ အပြင်ဘက်သို့ ထွက်ခဲ့သည်။ သူ၏ရည်ရွယ်ချက်မှာ လေကောင်းလေသန့်ရှူခြင်းဖြင့် အမူးပြေအောင် လုပ်ဆောင်ရန်ဖြစ်သည်။ ထိုသို့လေကောင်းလေသန့်ရှူရင်း အမူးပြေအောင်လုပ်ဆောင်ခဲ့မှုကြောင့် အမူးပြေရုံသာမက သူ့ဘဝတစ်လျှောက်လုံး ဖျက်မရသည့် အမှားကြီးကို ကျူးလွန်မိကာ တုန်လှုပ်ချောက်ချားစရာ အဖြစ်နှင့် ရင်ဆိုင်ခဲ့ရသည်။ ဒေါသ၏နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့မိရာမှ ထိုအဖြစ်နှင့် ရင်ဆိုင်ခဲ့ရသည်။

အရှိန်မသေ

ဒိုင်ဆီ ကားလမ်းမဘက်သို့ ထွက်ပြီး လေကောင်းလေသန့်ရှူနေစဉ် သူ၏အနီးသို့ ကားတစ်စီးအရှိန်ပြင်းစွာ ဖြတ်မောင်းသွားပြီး သူ့ကိုတိုက်မိမလိုဖြစ်သွားခဲ့သဖြင့် အမြန်ရှောင်တိမ်းလိုက်ရသည်။ သူ့ကိုယ်သူ ကားတိုက်မိပြီးသေပြီဟုပင် ထင်မိကာ အလွန်အကျွံမူးနေသောစိတ်ပင် ဘယ်ပျောက်သွားမှန်းမသိ။ သောက်ထားသော အရက်အရှိန်ကြောင့် ကားကိုအရှိန်ပြင်းစွာ မောင်းနှင်လာသူအပေါ် ဒေါသအလိုလိုပေါက်ကွဲသွားမိသည်။ ထိုအချိန်တွင် ကားက သူနှင့် မလှမ်းမကမ်း၌ ရပ်လိုက်သည်။ ကားမောင်းလာသူမှာ အမျိုးသားမဟုတ်ဘဲ အမျိုးသမီးဖြစ်နေသဖြင့် စိတ်လျှော့ချလိုက်သော်လည်း ဒေါသက အရှိန်မသေသေးပေ။

စုပြုံကျရောက်

ဒိုင်ဆီ၏စိတ်ထဲတွင် ယာဉ်မောင်းအမျိုးသမီးသည် သူ၏အမှားကြောင့် တောင်းပန်ရန်ဆင်းလာသည်ဟု ထင်မိသည်။ သို့သော်လည်း သူ၏အနားသို့ရောက်သောအခါမှ သူ၏ အထင်နှင့် အမြင်မှာ တက်တက်စင်အောင် လွဲမှန်းသိလိုက်ရတော့သည်။ အကြောင်းမှာ ထိုအမျိုးသမီးက သူ့အား တောင်းပန်ခြင်းမရှိသည့်အပြင် လမ်းဘေးတွင် မလွတ်မလပ် လျှောက်ရပါ့မလားဟု ဆိုကာ ရန်တွေ့လေတော့သည်။ သူက ပြေရာပြေကြောင်း ပြောသော်လည်း မရသဖြင့် သူ၏ အရှိန်မပြေသေးသော ဒေါသက ခေါင်းထောင် ထလာကာ

မာ့ခ်ဒိုင်ဆီ

အဆိုပါ အမျိုးသမီးအပေါ်သို့ စုပြုံကျရောက်သွားတော့သည်။

ဟန်ကိုယ့်ဖို့

ဒေါသစိတ်ဆင်ရိုင်းကို ချွန်းဖွင့်မိခဲ့ပြီဖြစ်သော ဒိုင်ဆီသည် စားသောက်ဆိုင်တွင် ပစ္စည်းပစ္စယများ သိမ်းဆည်းပြီးမှ ထွက်လာခြင်းဖြစ်သဖြင့် လက်ထဲတွင်ပါလာသော ဓားမြှောင်ဖြင့် အဆိုပါအမျိုးသမီး၏ ရင်ညွန့်ကို အားကုန်ထိုးချလိုက်မိတော့သည်။ အမျိုးသမီးမှာ တစ်ချက်မျှသာ ကျယ်လောင်စွာ အော်ပြီး နေရာတွင်ပင် ပုံလျက်သားလဲကျ အသက်ပျောက်သွားတော့သည်။ ထိုအခါကျမှသူ၏အမူးစိတ်သည်လည်း ဘယ်ရောက်၍ ဘယ်ပျောက်သွားမှန်း မသိဖြစ်ကာ သူကျူးလွန်ခဲ့သော ပြစ်မှုအတွက် ထိတ်လန့်ကြောက်ရွံ့ကာ ဆောက်တည်ရာမရအောင် ခံစားခဲ့ရသည်။ သို့သော်လည်း လူခြေတိတ်ချိန်ဖြစ်ပြီး လူသူပြတ်လပ်ချိန်ဖြစ်သည့်အတွက် သူ၏လုပ်ရပ်ကို မည်သူမျှ မျက်မြင်သက်သေမရှိသဖြင့် စားသောက်ဆိုင်သို့ အလျင်အမြန်ပြန်ပြီး ဟန်ကိုယ့်ဖို့မှတ်ကာ မသိလိုက်မသိဘာသာ နေခဲ့လေသည်။

ကျူးလွန်ခဲ့

သူ့အနေဖြင့် မည်သို့ပင် ဟန်ဆောင်နေခဲ့စေကာမူ ရဲအဖွဲ့က ခြေရာခံကာ သူ့အားလူသတ်မှု မသင်္ကာဖြင့် ဖမ်းဆီးခဲ့တော့သည်။ သူ့အနေဖြင့် ကိုးလနီးပါးမျှ လွတ်မြောက်နေပြီး ၂၀၀၆ခုနှစ် ဇွန်လတွင် ရဲအဖွဲ့က သူ့အား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ခုနှစ် နှစ်စပိုင်းတွင် သူ၏အမှုကို စတင်စစ်ဆေးခဲ့ရာ ထိုအချိန်တွင် သူ့အသက်မှာ ၃၇နှစ်အရွယ်ရှိနေပြီး သားသမီးသုံးယောက်၏ ဖခင်ဖြစ်နေပြီ။ ရဲအဖွဲ့က သူ ဩစတြေးလျနိုင်ငံရှိ စားသောက်ဆိုင်များ၌ အလုပ်လုပ်ခဲ့သည့် ၁၉၉၃ခုနှစ်မှ ၁၉၉၉ခုနှစ်အတွင်း ယင်းနိုင်ငံတွင် အလုပ်လုပ်ရင်း အဓမ္မမှု ကျူးလွန်ခဲ့ကြောင်း စုံစမ်းနိုင်ခဲ့သည်။ ဒိုင်ဆီသည် သုံးပတ်ကြာတရားစီရင်မှုတွင် လူသတ်မှု မကျူးလွန်ခဲ့ကြောင်း ငြင်းကွယ် ထွက်ဆိုခဲ့သော်လည်း ဒီအင်န်အေ ဆေးစစ်ချက်အရ ဩစတြေးလျမှ အမှုနှင့် ဆက်စပ်နေခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ သူပြစ်မှုကျူးလွန်ပြီး နောက်ပိုင်းမှပင် သူသတ်ခဲ့သော အမျိုးသမီးမှာ သူအလုပ်လုပ်ရာဆိုင်နှင့် ခပ်လှမ်းလှမ်းတွင် နေထိုင်သော ပေါလ်ဘိုမန်နှင့် လင်ဒါတို့၏သမီးဖြစ်သူ အသက် ၁၈နှစ်အရွယ်ရှိ ကိုယ်ဟန်ပြမယ် ဆယ်လီအယ်နီဘိုမန် ဖြစ်ကြောင်း သိရသည်။

ဒီအင်န်အေ ဆေးစစ်ချက်အရ ဒိုင်ဆီ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်ခဲ့ပြီး ပြစ်မှုထင်ရှားပါက အနည်းဆုံး ထောင်ဒဏ်၃၄နှစ် ကျခံရမည်ဖြစ်ပြီး အများဆုံး တစ်သက်တစ်ကျွန်း ထောင်ဒဏ် ကျခံရနိုင်သည်။

ကောင်းကျိုးမပေး

လူကို အန္တရာယ်ဖြစ်စေပြီး ကောင်းကျိုးမပေးသော အရက်နှင့် ဒေါသကို ပေါင်းစပ်လိုက်သောအခါ မာ့ခ်ဒိုင်ဆီ၏ ဒေါသကွန်ရက် ဖြန့်ကြက်ခဲ့မိသောအဖြစ်ကို သင်ခန်းစာယူဖွယ် မှုခင်းဖြစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

သူ့အနေဖြင့် မကောင်းမှုမှ ရုန်းထွက်နိုင်အောင် ကြိုးစားခဲ့သော်လည်း နောက်ဆုံးတွင် ပြုပြင်ပြောင်းလဲချင်သောစိတ်ကို မကောင်းမှုတွင် ပျော်မွေ့နေသောစိတ်က အနိုင်ယူလွှမ်းမိုးခဲ့သည်။

အမေရိကန်စီးပွားရေး၊ ကျူးဘား၊ အီရန်တို့နှင့်ဆက်ဆံရေး ဟီလာရီကလင်တန်နှင့် အိုဘားမားတို့အကြား အမြင်ကွဲပြား

ဝါရှင်တန် ဖေဖော်ဝါရီ ၂၄

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုယှဉ်ပြိုင် အရွေးခံရရေးအတွက် အကြိုရွေးကောက်ပွဲများတွင် ယခုတိုင် ညီလာခံကိုယ်စားလှယ်အရေအတွက် အပြတ်အသတ် မရရှိကြသေးသည့် အထက်

လွှတ်တော်အမတ် ဟီလာရီကလင်တန် **(အပေါ်ပုံ)**နှင့် အထက်လွှတ်တော်အမတ် အိုဘားမား တို့သည် ပြည်နယ်များတွင် အကြိတ်အနယ် မဲဆွယ်စည်းရုံးလျက်ရှိကြသည်။

ယခုအချိန်အထိမှ အိုဘားမားက ဟီလာရီကလင်တန်ကို ပြည်နယ် အကြိုရွေးကောက်ပွဲ ၁၁ပွဲဆက်တိုက် အသာရ အောင်ပွဲခံလျက်ရှိသည်။

ကြိုးပမ်းရမည်

ယခုအထိ ညီလာခံကိုယ်စားလှယ်ရရှိမှုတွင် အိုဘားမားက ၁၃၅၃ ဦးနှင့် ဟီလာရီကလင်တန်က ၁၂၆၄ ဦးသာရရှိသည်။ သို့သော် ဟီလာရီကလင်တန် အနေဖြင့် မတ် ၄ရက် (အင်္ဂါနေ့)၌ ကျင်းပမည့် အကြိုရွေးကောက်ပွဲများအနက် တက္ကဆက်ပြည်နယ်နှင့် အိုဟိုင်းယိုးပြည်နယ်တို့တွင် အနိုင်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။ ထိုပြည်နယ်နှစ်ခု အကြိုရွေးကောက်ပွဲက စုစုပေါင်း ပါတီညီလာခံကိုယ်စားလှယ် ၃၃၄ဦး ရရှိမည်ဖြစ်သည်။

ဝေဖန်

မတ် ၄ရက်၌ တက္ကဆက်နှင့် အိုဟိုင်းယိုးပြည်နယ် အကြိုရွေးကောက်ပွဲ မတိုင်မီ ဟီလာရီကလင်တန်က အိုဘားမား၏ ကျူးဘားနှင့် အီရန်ခေါင်းဆောင်များအား ကြိုတင်ပြင်ဆင်မှုမရှိဘဲ တွေ့ဆုံမည့်ပုံစံ ပြောကြားချက်ကို ဝေဖန်လိုက်သည်။

အိုဘားမားက အမေရိကန်သမ္မတသစ်အနေဖြင့် ထိုနှစ်နိုင်ငံစလုံးနှင့် လက်လှမ်းမီသင့်ကြောင်း တုံ့ပြန်ပြောကြားပြီး ထိုသို့သော နိုင်ငံခေါင်းဆောင်များနှင့်တွေ့ဆုံရန်အတွက် ပြင်ဆင်ရန် လိုအပ်ကြောင်းကိုမူ ဝန်ခံလိုက်သည်။

ငြင်းခုံ

ဒီမိုကရက်တစ်ပါတီမှ ရွေးကောက်ပွဲပြိုင်ဘက်နှစ်ဦးတို့သည် ကျူးဘားသမ္မတ ဖီဒယ်ကတ်စထရို အနားယူမည့်သတင်းထွက်လာပြီးနောက် ကျူးဘားနှင့် ဆက်ဆံရေးအပေါ် ထိုသို့အမြင်ချင်း မတူညီသကဲ့သို့ အမေရိကန် စီးပွားရေးအပေါ်အမြင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုတိုးချဲ့ရေး မည်သို့ဆောင်ရွက်မည်ဆိုသော ကိစ္စတို့တွင်လည်း ငြင်းခုံလျက်ရှိသည်။ **(အင်တာနက်)**

ပါကစ္စတန်ဝန်ကြီးချုပ် ရွေးချယ်ရေးကိစ္စ ဘူတို၏ ပီပီပီပါတီ ညှိနှိုင်းလျက်ရှိ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၄

ဖေဖော်ဝါရီ ၁၈ရက်က ပါကစ္စတန်ရွေးကောက်ပွဲ၌ အနိုင်ရပြီးနောက် ဝန်ကြီးချုပ် ရွေးချယ်ရေးအတွက် ဘာနာဇီယာဘူတို၏ ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ)ဝင်များ ညှိနှိုင်းလျက်ရှိသည်။

သဘောတူ

ပီပီပီပါတီသည်ဝန်ကြီးချုပ်ဟောင်း နဝပ်ရှရစ်ဖ်၏ပီအမ်အယ်လ်-အင်န်ပါတီနှင့် ညွန့်ပေါင်းအစိုးရဖွဲ့ရန် သဘောတူပြီး ဖြစ်သည်။

ညွန့်ပေါင်းဖွဲ့စည်း

ပီပီပီခေါင်းဆောင် မစ္စတာဇာဒါရီနှင့် နဝပ်ရှရစ်ဖ်တို့ သဘောတူထားသည့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး အသေးစိတ်များကို မချမှတ်ရသေးပေ။ ရွေးကောက်ပွဲတွင် ပီပီပီပါတီက အမတ်နေရာ ၈၇နေရာနှင့် နဝပ်ရှရစ်ဖ်၏ ပီအမ်အယ်လ်-အင်န်ပါတီက အမတ် ၆၆နေရာ ရရှိသဖြင့် ပါလီမန်တွင် အများဆုံးဖြစ်သည်။

ဗုံးခွဲတိုက်ခိုက်

ထိုအတောအတွင်း ပါကစ္စတန် အနောက်မြောက် ရှေ့တန်းပြည်နယ် အတွင်း ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၃ဦး သေဆုံးပြီး တစ်ဒါဇင်ခန့် ဒဏ်ရာရသွားသည်။ မင်္ဂလာပွဲမှ ပြန်လာသူတို့ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်ကို ဗုံးခွဲတိုက်ခိုက်ခြင်း ဖြစ်သည်။

(အင်တာနက်)

ဂျနီဖာလိုပက်ဇ်၏ဖြစ်ရပ်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၄

အဆိုတော်နှင့်ရုပ်ရှင်သရုပ်ဆောင် ဂျနီဖာလိုပက်ဇ်နှင့် ခင်ပွန်းဖြစ်သူ အဆိုတော် မတ်စ်အန်ထော်နီတို့သည် နယူးယောက်မြို့ရှိ ဆေးရုံတစ်ရုံ၌ ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းက အမြွှာကလေးများ၏ မိဘများဖြစ်လာကြောင်း ပီးပဲလ်မဂ္ဂဇင်းတွင် ရေးသားဖော်ပြသည်။

မွေးဖွား

အဆိုပါ ဇနီးမောင်နှံတို့သည် နယူးယောက်မြို့ လောင်းအိုင်းလင်း အရပ်ရှိဆေးရုံ၌ ယောကျ်ားလေးနှင့် မိန်းကလေးအမြွှာကို မွေးဖွားခဲ့ကြသည်။

၁၅ မိနစ်အကြာ

ယင်းအမြွှာကလေးများ မွေးဖွားခဲ့ရာတွင် မိန်းကလေးကို ပထမဆုံး မွေးပြီး ယောကျ်ားလေးအား ၁၅မိနစ်အကြာတွင် မွေးဖွားသည်။

မိန်းကလေး၏ ကိုယ်အလေးချိန်မှာ ငါးပေါင်နှင့်ခုနစ်အောင်စရှိပြီး ယောကျ်ားလေးမှာ ခြောက်ပေါင်ရှိသည်ဟု ဆိုသည်။

(အင်တာနက်)

အရှေ့ဥရောပမှ ကာန်ဒုံးပျံကာကွယ်ရေးစနစ် ရုရှားကာကွယ်ရေးဝန်ကြီး သတိပေး

မော်စကို ဖေဖော်ဝါရီ ၂၄

အရှေ့ဥရောပ၌ အမေရိကန်က ဒုံးပျံကာကွယ်ရေးစနစ်ဖြန့်ကြက်မည်ဆိုလျှင် ရုရှားနိုင်ငံက ယင်း၏စစ်ရေး မဟာဗျူဟာများကို ပြင်ဆင်ရတော့မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး အနာတိုလီဆပ်ယူကော့ဗ်က မော်စကို၌ ဖေဖော်ဝါရီ ၂၁ရက်တွင် ပြောကြားလိုက်သည်။

ဝေဖန်

အရှေ့ဥရောပတွင် အမေရိကန် ဒုံးပျံကာကွယ်ရေးစနစ် ဖြန့်ကြက်ခြင်းက ဒေသတစ်ခုလုံး တင်းမာမှု ပိုမိုဆိုးရွားစေနိုင်ပြီး ကမ္ဘာ့မဟာဗျူဟာမြောက် အင်အားချိန်ခွင်လျှာညီမျှမှုကို ပျက်ယွင်းသွားလိမ့်မည်ဟုလည်း ရုရှားကာကွယ်ရေးဝန်ကြီး ဆပ်ယူကော့ဗ်က ဝေဖန် ထောက်ပြလိုက်သည်။

ပြောကြား

ထိုမျှမက ရုရှားအမျိုးသား လုံခြုံရေးကိုပါ ခြိမ်းခြောက်ရာကျရောက်နေကြောင်း၊ ထို့ကြောင့် စစ်အင်အား အသင့်ရှိရန် ဖြည့်တင်းရေးနှင့် မဟာဗျူဟာ နျူကလီးယားအင်အားတီထွင်ရေးမှာ ရုရှားနိုင်ငံအဖို့ အရေးကြီးသော လုပ်ငန်းတာဝန်အဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း ဆပ်ယူကော့ဗ်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရားမဝင်ဒီဗွီဒီ ထုတ်လုပ်မှုများ တရုတ်ရဲအဖွဲ့ ဖမ်းဆီးဖော်ထုတ်

ပေကျင်း ဖေဖော်ဝါရီ ၂၄

တရုတ်နိုင်ငံတစ်ဝန်းလုံးတွင် ဒီဗွီဒီခွေများ တရားမဝင် ထုတ်လုပ်ဖြန့်ချိမှုများကို ထိထိရောက်ရောက်နှိမ်နင်းလျက်ရှိရာ ယခုနှစ်အတွင်း တရုတ်နိုင်ငံတောင်ပိုင်း၌ တရားမဝင်ဒီဗွီဒီထုတ်လုပ်ရောင်းချမှု ခုနစ်ခုကို တရုတ်ရဲတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၁ရက်က သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်ရှိ ဟူနန်ဝယ်ကွန် လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီအား ပြီးခဲ့သည့် ဇန်နဝါရီလက ရုတ်တရက်ရှာဖွေစစ်ဆေးမှုများပြုလုပ်ရာမှ တရားမဝင်ဒီဗွီဒီထုတ်လုပ်မှုနှစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပြီး ဒီဗွီဒီအချပ် ၅၃၆၀ ကို သိမ်းဆည်းနိုင်ခဲ့သည်။

သိမ်းဆည်း

ထို့ပြင် ကွမ်ဒေါင်းပြည်နယ်၌လည်း တရားမဝင် ဒီဗွီဒီထုတ်လုပ်မှုနှစ်ခုကို ဖော်ထုတ်နိုင်ခဲ့ပြီး ယင်းအမှုများနှင့်စပ်လျဉ်း၍ သံသယရှိသူ ၁၁ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည့်အပြင် ဒီဗွီဒီအချပ် ၂၉၀၀၀ ကျော်ကိုလည်း သိမ်းဆည်းနိုင်ခဲ့သည်။

ဖျက်ဆီးခဲ့

တရုတ်နိုင်ငံအတွင်း တရားမဝင်ခိုးကူးခွေများထုတ်လုပ်မှုကို ၁၉၉၆ခုနှစ်မှစတင် ဖော်ထုတ်ဖမ်းဆီးခဲ့ပြီး နှစ်စဉ်ခိုးကူးခွေ သန်း ၂၂၀ ကျော်ကို ဖျက်ဆီးခဲ့ရကြောင်း ပြည်သူ့လုံခြုံရေးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်နှုန်းမြင့် ဆက်သွယ်ရေးဂြိုဟ်တု ဂျပန်အောင်မြင်စွာ လွှတ်တင်နိုင်

တိုကျို ဖေဖော်ဝါရီ ၂၄

ဆက်သွယ်ရေးခက်ခဲသောဒေသများတွင် အသုံးပြုနိုင်မည့် မြန်နှုန်းမြင့် ဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို ဂျပန်အာကာသအေဂျင်စီက ဖေဖော်ဝါရီ ၂၃ရက်၌ လွှတ်တင်လိုက်သည်။ **(အပေါ်ပုံ)**

လွှတ်တင်

ကီဇုနာအမည်ရှိ အဆိုပါ ဆက်သွယ်ရေးဂြိုဟ်တုကို တိုကျိုမြို့ တောင်ဘက်မိုင် ၆၂၀အကွာ တာနီဂါရှီးမားကျွန်းတောင်ပိုင်းမှ အိတ်ချ်-တူးအေဒုံးပျံဖြင့် လွှတ်တင်လိုက်ခြင်း ဖြစ်သည်။

စူးစမ်းလေ့လာ

အဆိုပါဂြိုဟ်တုကို ကမ္ဘာ့မြေပြင်မှ ၂၈၃ကီလိုမီတာအရောက်တွင် ဒုံးပျံမှ ခွဲထုတ်လျက် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာလွှတ်တင်ပေးလိုက်ကြောင်း ဂျပန်အာကာသ စူးစမ်းလေ့လာရေး အေဂျင်စီ(ဂျာဇာ)က ပြောကြားသည်။

ကီဇုနာဆက်သွယ်ရေးဂြိုဟ်တုကို ဂျပန်နိုင်ငံတစ်ဝန်းနှင့် အရှေ့တောင်အာရှရှိ နေရာ၁၉နေရာမှ ကုန်ကျစရိတ်သက်သာစွာဖြင့် ဆက်သွယ်ရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ယင်းအာကာသအေဂျင်စီက ပြောကြားသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ပိုင်းတွင် ကျင်းပသည့် ပန်းပွဲတော်၌ ကျောင်းသူကလေးများ ကပြဖျော်ဖြေနေကြသည်ကို ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ

၂၄-၂-၂၀၀၈

ပါလက်စတိုင်းလက်နက်ကိုင်များက အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်ဖြင့်တိုက်ခိုက်

ပါလက်စတိုင်း လက်နက်ကိုင်များက အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသမှနေ၍ ပါလက်စတိုင်း လက်နက်ကိုင်အုပ်စု ပီအာရ်စီတို့က ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ကို ၎င်းတို့ကိုယ်တိုင်ကလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

အထူးစီးပွားရေးဇုန် ကမ္ဘောဒီးယား၌ တည်ဆောက်မည်

ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်စီးပွားရေးလုပ်ငန်းရှင်များက အထူးစီးပွားရေးဇုန်ကြီးတစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား အရာရှိများက ပြောကြားသည်။

တည်ဆောက်မည့်နေရာမှာ ကမ္ဘောဒီးယားနိုင်ငံ ဆီဟာနွတ်ဗီလီမြို့၌ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးစက်မှုဇုန်ကြီးလည်း ဖြစ်သည်။

သီရိလင်္ကာတပ်ဖွဲ့များက ကျားသူပုန်များအား လေကြောင်းမှတိုက်ခိုက်

သီရိလင်္ကာတပ်ဖွဲ့ဝင်များက နိုင်ငံမြောက်ပိုင်း၌ တမီးလ်ကျားသူပုန်များကို လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း သီရိလင်္ကာအရာရှိများက ပြောကြားသည်။

သီရိလင်္ကာမြောက်ပိုင်း မူလ်လီသီဗြူအရပ်၌ သီရိလင်္ကာအစိုးရ တိုက်လေယာဉ်များက တမီးလ်ကျားသူပုန်တို့၏ စစ်အခြေစိုက်စခန်းတစ်ခုအား တိုက်လေယာဉ်များဖြင့် လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ သူပုန်များ သေဆုံးဒဏ်ရာရရှိမှု များပြားခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

လက်ဘနွန်တောင်ပိုင်းသို့ အစ္စရေးတို့ကျူးကျော်လျှင် တုံ့ပြန်မည်ဟု ဟစ်ဇ်ဘိုလာခေါင်းဆောင်ပြောကြား

လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ အစ္စရေးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်ခဲ့လျှင် မိမိချေမှုန်းပစ်မည်ဖြစ်ကြောင်း ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟာဆင်နာရာလာက ပြောကြားလိုက်သည်။

မိမိတို့ အနေဖြင့် စတင်ပစ်ခတ်တိုက်ခိုက်မှု ပြုမည်မဟုတ်သော်လည်း ကျူးကျော်ရန်စခဲ့လျှင် မိမိတို့ ချက်ချင်း တုံ့ပြန်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အိုင်အေအီးအေက အီရန်၏ နျူအစီအစဉ်ထောက်ခံ

အီရန်၏ နျူကလီးယားအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခွင့် ပြုသင့်ကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ မိုဟာမက်အီလ်ဘာရာဒီက ပြောကြားလိုက်သည်။

အီရန်၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်ဟု မိမိတို့ ယုံကြည်ကြောင်း အီရန်၏ နျူကလီးယားဆိုင်ရာ အစီရင်ခံစာ၌ အီလ်ဘာရာဒီက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းမြင့်တက်လာ

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၉ဒေါ်လာအထိ မြင့်တက်လာကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)က ပြောကြားသည်။

အီရတ်မြောက်ပိုင်းသို့ တူရကီတပ်ဖွဲ့များ ဝင်ရောက်ခဲ့မှု၏ ဂယက်ကြောင့် ရေနံဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း အိုပက်အရာရှိများက ပြောကြားသည်။

ဗီယက်နမ်၌ မြေအောက်ရထားလမ်းဖောက်လုပ်

ဗီယက်နမ်နိုင်ငံက ပထမဆုံးမြေအောက်ရထားလမ်းကို စတင်ဖောက်လုပ်နေပြီဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

အဆိုပါ မြေအောက်ရထားလမ်းကို ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့၌ အမေရိကန်ဒေါ်လာ ၁ဒသမ၁ဘီလီယံအကုန်အကျခံကာ တည်ဆောက်လျက်ရှိပြီး လာမည့်၂၀၁၄ခုနှစ်၌ အသုံးပြုနိုင်ရန် ဖောက်လုပ်သွားမည်ဖြစ်သည်။

ဘဝဒဿန အမြင်

■ **Life is a winding road.**

ဘဝဟူသည် ဖြောင့်ဖြူးသည် မရှိ။

ဂျေအာရ်အာရ်တိုကိန်း (အင်္ဂလိပ်စာရေးဆရာ)

■ **Ask and learn.**

မေးပါများ စကားရ။

စစ်စီရို (အီတလီစာရေးဆရာ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❑ **ဘရာဇီးနိုင်ငံ အမေဇုန်မြစ်အတွင်း ဖေဖော်ဝါရီ ၂၂ရက်က စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ၁၄ဦးသေဆုံးခဲ့သည်။**

■ အမေရိကန်နိုင်ငံအနောက်ပိုင်းမှ ချီကာဂိုမြို့သို့ ဖေဖော်ဝါရီ ၂၃ရက်က ပျံသန်းလာသော ခရီးသည် ၁၃၈ဦး တင်ဆောင်လာသည့် လေယာဉ်တစ်စင်း စက်ချွတ်ယွင်းမှုကြောင့် မီရာမီလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရာ သုံးဦးဒဏ်ရာရရှိခဲ့သည်။

❑ **တူရကီနိုင်ငံအလယ်ပိုင်း ဆာကီစလာမြို့၌ ဖေဖော်ဝါရီ ၂၃ရက်က ကုန်တင်ရထားနှစ်စင်း မျက်နှာချင်းဆိုင်တိုက်မိရာ ၄၅ဦးဒဏ်ရာရရှိခဲ့သည်။**

■ ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့၌ ဖေဖော်ဝါရီ ၂၃ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးခဲ့သည်။ **(အောက်ပုံ)**

❑ **တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၌ ဖေဖော်ဝါရီ ၂၃ရက်က နှင်းမုန်တိုင်းများ ပြင်းထန်စွာတိုက်ခတ်ခဲ့ရာ ဂန်ဆုပြည်နယ်၌ ခရီးသွားလာမှု ပြတ်တောက်သွားခဲ့သည်။**

■ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မြောက်ဘက် မိုင်၁၀၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ၂၃ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။

❑ **မက္ကဆီကိုနိုင်ငံ မက္ကဆီကိုပင်လယ်ကွေ့၌ ဖေဖော်ဝါရီ ၂၃ရက်က မုန်တိုင်းဒဏ်ကြောင့် ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့သော်လည်း သင်္ဘောသားများအား ကယ်တင်နိုင်ခဲ့သည်။**

မာရှယ်ကျွန်းများသမ္မတနိုင်ငံ

သတင်းအက်ဆေး



မာရှယ်ကျွန်းများသမ္မတနိုင်ငံသည် မြောက်ပစိဖိတ်သမုဒ္ဒရာဒေသတွင် တည်ရှိသည်။ ဤနိုင်ငံ၌ သန္တာကျောက်တန်းစုနှစ်ခုနှင့် ကျွန်းငယ်ပေါင်း ၁၀၀၀ကျော်ရှိပြီး အီကွေတာ၏ မြောက်ဘက်ကပ်လျက် တည်ရှိပါသည်။ သန္တာကျောက်တန်းများမှာ မြုပ်နေသော မီးတောင်များ၏ မီးတောင်နှုတ်ခမ်းများအပေါ်၌ တင်ရှိနေသော သန္တာခွံနှစ်များပင်ဖြစ်သည်။

ဆက်သွယ်ရေးသဘောတူစာချုပ်

ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင် ဆယ်စုနှစ်များစွာ ဤကျွန်းများကို အမေရိကန်တို့ သိမ်းပိုက်ထားသည်။ ယခုအခါတွင်မူ အမေရိကန်နိုင်ငံနှင့် လွတ်လွတ်လပ်လပ် ဆက်သွယ်ရေးသဘောတူစာချုပ် ချုပ်ဆိုထားသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။

ခရစ်မပေါ်မီ နှစ်၂၀၀၀ခန့်က ပထမဆုံး မိုက်ခရိုနီးရှားရေကြောင်းထိန်းများ ဤကျွန်းများသို့ရောက်လာပြီး အေလုန်ဘိန်အက်(ဒို့ပိုင်ကျွန်းများ)ဟု အမည်သညာပေးလိုက်သည်။ ၁၅၉၂ခုနှစ်အရောက်တွင် စပိန်က သူတို့ပိုင်သည်ဟု ကြေညာသည်။ ၁၇၈၈ခုနှစ်တွင် နယူးဆောက်သ်ဝေးသို့ အကျဉ်းသားများတင်ဆောင် ပို့ ပေးသည့် ဗြိတိန်ရေတပ် ဗိုလ်မှူးကြီး ဂျွန်ဝီလျံမာရှယ်သည် ဤဒေသ၌ ဖြတ်သွားသည်ကိုအကြောင်းပြု၍ ဤကျွန်းများအား မာရှယ်ကျွန်းများဟု ခေါ်ဝေါ်သုံးစွဲလာခဲ့သည်။

၁၈၆၄ခုနှစ်တွင် ဂျာမနီက ပထမဆုံးရောင်းဝယ်ရေးကုမ္ပဏီ ထူထောင်သည်။ ၁၈၈၅ခုနှစ်တွင် မာရှယ်ကျွန်းများကိုသိမ်းပြီး ၁၈၈၆ခုနှစ်တွင် အထိန်းသိမ်းခံနိုင်ငံထူထောင်သည်။

နျူကလီးယားလက်နက်စမ်းသပ်

၁၉၁၄ခုနှစ်တွင် ဂျပန်ကသိမ်းပြီး စစ်အခြေခံစခန်းသုံးလေးခု ဖွင့်လှစ်သည်။ ၁၉၂၀ပြည့်နှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးက ဂျပန်ကိုအုပ်ချုပ်ခွင့်ပေးသည်။ ၁၉၄၄ခုနှစ်တွင် ဂျပန်လက်ထဲမှ အမေရိကန်ကသိမ်းယူလိုက်သည်။ ၁၉၄၇ခုနှစ်တွင် ကုလသမဂ္ဂ၏ အစောင့်အရှောက်ခံ နယ်မြေဖြစ်လာပြီး အမေရိကန်က အုပ်ချုပ်သည်။ ၁၉၄၈ခုနှစ်တွင် ဒေသတွင်း အမေရိကန်၏ နျူကလီးယားလက်နက် စမ်းသပ်မှုအစီအစဉ် တိုးချဲ့မှုကြောင့် အေနီဝက်တာသန္တာကျောက်တန်းမှ ကျွန်းသူကျွန်းသားများကို အစုလိုက်ရွှေ့ခိုင်းသည်။ ၁၉၅၄ခုနှစ်တွင် ဘီကီနီ သန္တာကျောက်တန်း၌ ဖောက်ခွဲသည့် ဘရာဗိုဗုံးမှာ အမေရိကန်တို့ စမ်းသပ်သမျှ ဟိုက်ဒရိုဂျင်ဗုံးများတွင် အင်အားအကြီးဆုံးဖြစ်သည်။

၁၉၆၅ခုနှစ်တွင် မိုက်ခရိုနီးရှား၌ အမေရိကန်က အုပ်ချုပ်ရေးခိုင်မာစေရန် မိုက်ခရိုနီးရှားကွန်ဂရက်ကို ထူထောင်သည်။

၁၉၆၉ခုနှစ်တွင် ဘီကီနီသန္တာကျောက်တန်းမှ ရေဒီယိုသတ္တိကြွ ပစ္စည်းများ ဖယ်ရှားပစ်ရေးအတွက် ရေရှည်စီမံကိန်းတစ်ရပ် အမေရိကန်က ချမှတ်သည်။ ၁၉၇၀ပြည့်လွန်နှစ်များတွင် ကျွန်းသူကျွန်းသားများ ဘီကီနီ သန္တာကျောက်တန်းသို့ အန္တရာယ်ကင်းရှင်းစွာ ပြန်လာနိုင်ပြီဟု ကြေညာသည်။ သို့သော် ၎င်းတို့၏ ကိုယ်ခန္ဓာတွင် အန္တရာယ်ရှိသည့် ရေဒီယိုသတ္တိကြွမှုအဆင့် တွေ့ရှိသဖြင့် ပြန်လည်ရွှေ့ပြောင်းနေထိုင်စေခဲ့ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၇၃ခုနှစ်တွင် နိုင်ငံရေးလွတ်လပ်မှု ပိုမိုရရှိရန် မာရှယ်ကျွန်းများက မိုက်ခရိုနီးရှားကွန်ဂရက်မှ နုတ်ထွက်သည်။ ၁၉၇၉ခုနှစ်တွင် မာရှယ်ကျွန်းများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အစိုးရကို အမေရိကန်က အသိအမှတ်ပြုသည်။ အမာတာကဘူးဝါးအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။

၁၉၈၂ခုနှစ်တွင် ဤနိုင်ငံကို မာရှယ်ကျွန်းများသမ္မတနိုင်ငံအဖြစ် တရားဝင်အမည် ပြန်လည်သတ်မှတ်လိုက်သည်။ ၁၉၈၃ခုနှစ်တွင် သူတို့ကို လွတ်လပ်ရေးပေးမည့် အမေရိကန်နှင့် လွတ်လပ်စွာဆက်သွယ်ရေး သဘောတူညီချက်ကို မာရှယ်ကျွန်းမှ မဲဆန္ဒရှင်များက အတည်ပြုခဲ့သည်။ အမေရိကန်နိုင်ငံက ကာကွယ်ရေးကို တာဝန်ယူပြီး မာရှယ်ကျွန်းများနိုင်ငံက အမေရိကန်ထံမှ ငွေကြေးအကူအညီနှင့် အခြားသောထောက်ပံ့မှုများ ရရှိမည်ဖြစ်သည်။ အမေရိကန်သည် ကွာဂျာလိန်းသန္တာကျောက်တန်းတွင် စစ်စခန်းထားရှိသည်။ ယခုအခါ အရေးပါသော အမေရိကန်ဒုံးပျံကာကွယ်ရေးစနစ် စမ်းသပ်သည့် နေရာတစ်ခုဖြစ်နေပေပြီ။

လျော်ကြေးပေးရန်ကတိပြု

၁၉၈၆ခုနှစ် အောက်တိုဘာ ၂၁ရက်တွင် မာရှယ်ကျွန်းများသမ္မတနိုင်ငံကို လွတ်လပ်ရေးပေးမည့် အမေရိကန်နှင့် လွတ်လပ်စွာဆက်သွယ်ရေး သဘောတူညီချက်ကို အမေရိကန်ကွန်ဂရက်က အတည်ပြုလိုက်သည်။ ၁၉၄၀ပြည့်လွန်နှစ်နှင့် ၁၉၅၀ပြည့်လွန်နှစ်များက နျူကလီးယားစမ်းသပ်မှုကြောင့် နစ်နာခဲ့ရသည်များအတွက် ကျွန်းသူကျွန်းသားများအား လျော်ကြေးပေးရန် ကတိပြုလိုက်သည်။

၁၉၈၉ခုနှစ်တွင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် သက္ကရာဇ်၂၀၃၀ အရောက်တွင် မာရှယ်ကျွန်းများ သမ္မတနိုင်ငံ ရေအောက်မြုပ်သွားနိုင်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာက သတိပေးသည်။ ၁၉၉၀ပြည့်နှစ်တွင် ကုလသမဂ္ဂအစောင့်အရှောက်ခံဘဝမှ လွတ်မြောက်ခွင့်ပေးပြီး ၁၉၉၁ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ကုလသမဂ္ဂက လက်ခံသည်။

၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် လွှတ်တော်ဥက္ကဋ္ဌဟောင်း လစ်တိုဝါတိုမီအင်းကို လွှတ်တော်က ထောက်ခံမဲ ၁၈မဲ၊ ကန့်ကွက်မဲ ၁၅မဲဖြင့် သမ္မတအဖြစ် ရွေးချယ်လိုက်သည်။

ဤနိုင်ငံ၏အဓိကပြဿနာမှာ အမေရိကန်နိုင်ငံအပေါ် ဘဏ္ဍာရေးအရ မှီခိုမှုမှလွတ်မြောက်ရေးပင် ဖြစ်သည်။ ပို့ကုန်၊ သွင်းကုန် မညီမျှ၊ အလုပ်လက်မဲ့ဦးရေများပြားပြီး ကျွန်းသူကျွန်းသားအများစုမှာ ဝမ်းစာအတွက်သာ စိုက်ပျိုးလုပ်ကိုင်နိုင်ကြသည်။

ခရီးသွားလုပ်ငန်း

နိုင်ငံ၏ ထွက်ပေါက်မှာ ခရီးသွားလုပ်ငန်းပင်ဖြစ်သည်။ မပျက်မစီး ပကတိအတိုင်းရှိနေသည့် ပင်လယ်ကမ်းခြေများ၊ ကျွန်းများသည် အပျော်တမ်းရေငုပ်၊ ငါးဖမ်းရန် အကောင်းဆုံးသောစခန်းဖြစ်သည်က တစ်ပန်းသာသည်။ အခြားနိုင်ငံများအား ဖက်စပ်ငါးဖမ်းခွင့်ပေးလျှင်လည်း စီးပွားဖြစ်နိုင်သည်။ သင်္ဘောများ ဤနိုင်ငံအလံလွှင့်ထူပြီး မှတ်ပုံတင်ပေးလျှင်လည်း ဝင်ငွေများစွာ ရနိုင်ပေသည်။ ။ ***(ကိုးကား-အင်တာနက်)***

တိုး - ရေးသားသည်

25-2 (07) 1 2/25/08, 1:13 AM

ဖူးမြော်

မဲခေါင်ဒေသလူငယ်ချစ်ကြည်ရေး အဖွဲ့ဝင်များ ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော်သို့ ဇန်နဝါရီ ၁၆ ရက်က ဖူး မြော် ခဲ့ ကြစဉ်။
(မြန်မာ့အလင်း)

■ ကျောဖုံးမှ

ပထမဆုံးခြေလှမ်း

တရုတ်နိုင်ငံ ကူမင်းလေဆိပ်သို့ရောက်တော့ အေးမြသော ရာသီဥတုကို စတင်ခံစားလိုက်ရပြီ။ နာရီကို ကြည့်လိုက်တော့ ည ၁၀ နာရီ မိနစ် ၄၀။ (၅)ကြိမ်မြောက် မဲခေါင်ဒေသလူငယ်ချစ်ကြည်ရေးခရီးစဉ်၏ ပထမဆုံးသော ခြေလှမ်းကို စတင်လျှောက်လှမ်းကြရတော့မည်။

ကူမင်းလေဆိပ်ရှိလူဝင်မှုကြီးကြပ်ရေးကောင်တာမှ အထွက်မှာတော့ မြန်မာလူငယ်ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ကို လာရောက်ကြိုဆိုသူမှာ All China Youth Federation (ACYF) မှ တာဝန်ရှိသူများနှင့် မြန်မာစကားကို ပီပီသသပြောနိုင်သူ ကူမင်းနိုင်ငံခြားဘာသာတက္ကသိုလ်တွင် မြန်မာစာဘာသာရပ်ကို လေ့လာသင်ကြားနေသည့် တရုတ်ပျိုဖြူ မရွှေဝင်း၊မရွှေဝင်းမှာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် မြန်မာစာကို တစ်နှစ်တိတိ လာရောက်သင်ကြားခဲ့သူဖြစ်သည်။ မိမိတို့ မြန်မာလူငယ်အဖွဲ့အနေဖြင့် တရုတ်နိုင်ငံ လေ့လာရေး ခရီးစဉ်တစ်လျှောက် သူမ၏ အကူအညီကိုများစွာရရှိခဲ့ကြသည်။

“(၅)ကြိမ်မြောက် မဲခေါင်ဒေသလူငယ်ချစ်ကြည်ရေး” ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် စတင်ကျင်းပရာ တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှ လူငယ်ကိုယ်စားလှယ် သူငယ်ချင်းများနှင့် စတင်တွေ့ဆုံရင်းနှီးခဲ့ကြသည်။ ဗီယက်နမ်လူငယ်ကိုယ်စားလှယ်အဖွဲ့မှာမူ လေယာဉ် အခက်အခဲကြောင့် ဖွင့်ပွဲ အခမ်းအနားသို့ အချိန်မီရောက်ရှိမလာခဲ့ဘဲ နေ့လယ်လောက်မှသာ ရောက်ရှိလာခဲ့ကြသည်။

လှပဝေဆာ

ဖွင့်ပွဲအခမ်းအနား ပြီးဆုံးသည်နှင့် Yunnan Nationalities University သို့ လေ့လာရေးခရီး စတင်သွားရောက်ခဲ့ကြရာ ကျောင်းသူလေးများက ကျောင်းအတွင်း လိုက်လံပြသပေးခဲ့ကြသည်။ အေးမြသော

မြန်မာလူငယ်အဖွဲ့

(၅)ကြိမ်မြောက် မဲခေါင် ဒေသ လူငယ် ချစ်ကြည်ရေး ခရီးစဉ်သို့ သွားရောက်ခဲ့သည့် မြန်မာ လူငယ် အဖွဲ့။
(မြန်မာ့အလင်း)

ရာသီဥတုနှင့်အတူ ကူမင်းမြို့အနှံ့ လမ်းဘေးဝဲယာတွင် ပန်းအလှပင်များ လှပဝေဆာစွာ စိုက်ပျိုးထားသည်။

မဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများအကြား သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် Lianyun Hotel ၌ပင် ကျင်းပခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲ၌ အဖွဲ့လေးဖွဲ့ခွဲကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထား ဆွေးနွေးတင်ပြကြပြီး အဖွဲ့တစ်ဖွဲ့စီ၏ သုံးသပ်တင်ပြချက်များကို ကိုယ်စားလှယ်တစ်ဦးစီက ပြန်လည်ရှင်းလင်းတင်ပြကြသည်။ ဆွေးနွေးပွဲအပြီး၌ မဲခေါင်လူငယ်ချစ်ကြည်ရေးအဖွဲ့ဝင်များ အနေဖြင့် သဘာဝပတ်ဝန်းကျင်၏ အရေးကြီးပုံတို့ကို ပိုမိုသိရှိနားလည်လာကြပြီး မိမိနိုင်ငံ၊ မိမိဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းလမ်းများကို ဆင့်ပွား ပညာပေးနိုင်ကြတော့မည်ဖြစ်သည်။

ဖျော်ဖြေ

AYCFမှ ဒုတိယဥက္ကဋ္ဌ Madan Zan Xiaolon တည်ခင်း ဧည့်ခံသော ညစာစားပွဲ၌ နိုင်ငံအသီးသီးမှ ချစ်ကြည်ရေးလူငယ်များအနေဖြင့် ယဉ်ကျေးမှု ဖလှယ်သည့်အနေဖြင့် ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ပျော်ရွှင်စွာ ပြန်လည်ဖျော်ဖြေခဲ့ကြသည်။

အမျိုးသမီးတစ်ဦး လဲလျောင်းအိပ်စက်နေပုံနှင့် အလွန်တူလှသည့် တောင်တန်းကြီးကို နောက်ခံပြုထားသည့် ကူမင်းမြို့၏ နာမည်ကျော် Dian Chi ကန်သို့ ဇန်နဝါရီ၁၄ရက်တွင် ရောက်ရှိသွားခဲ့သည်။ Dian Chi ကန်၏ ပြာလဲ့လဲ့ရေပြင်ပေါ်တွင် ပျော်ရွှင်စွာ ပျံသန်းနေသည့် စင်ရော်ငှက်လေးများကိုတွေ့လိုက်ရတော့ အဖွဲ့ဝင်များ အားလုံး ကားပေါ်မှ အပြေးအလွှားဆင်းကာ စင်ရော်ငှက်လေးများကို အစာကျွေးရင်း Dian Chi ကန်၏ အလှကို ခံစားခဲ့ကြရပေပြီ။

တရုတ်နိုင်ငံ ကူမင်းမြို့၌ကျင်းပသည့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ၌ မြန်မာလူငယ်အဖွဲ့ ကိုယ်စား မသင်းယုမော် ပါဝင် ဆွေးနွေးစဉ်။
(မြန်မာ့အလင်း)

တိုင်းရင်းသားကျေးရွာ

ယင်းမှတစ်ဆင့် ယူနန်တိုင်းရင်းသား ကျေးရွာသို့ ဆက်လက်ထွက်ခွာလာခဲ့ကြသည်။ ယူနန်တိုင်းရင်းသားကျေးရွာမှာ ဧက ၁၃၄၀ ကျယ်ဝန်းပြီး ယူနန်ပြည်နယ်အတွင်းရှိ လူမျိုးစု ၂၅ မျိုးတို့၏ ဓလေ့ရိုးရာများကို တစ်နေရာတည်းတွင် အပန်းဖြေလေ့လာနိုင်ရန် တည်ဆောက် ဖွင့်လှစ်ထားခြင်းပင် ဖြစ်သည်။ ရရှိထားသော အချိန်မှာ တိုတောင်းလှသဖြင့် တိုင်းရင်းသား လူမျိုးစုများ နေထိုင်ရာ ကျေးရွာငယ်လေးများသို့သာ သွားရောက်လေ့လာခွင့် ရရှိခဲ့သည်။

လူငယ် ချစ်ကြည်ရေးခရီးစဉ်ဖြစ်သည်နှင့်အညီ ကူမင်းမြို့ရှိ လူငယ်များနှင့် ပိုမိုရင်းနှီး ကျွမ်းဝင်စေရန်အတွက် အဖွဲ့ဝင်များ အားလုံးမှာ သတ်မှတ်ပေးထားသော ကူမင်းမြို့ရှိ တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများ၏ နေအိမ်သို့ တစ်အိမ်လျှင် နှစ်ယောက်စီ တစ်ညအိပ် သွားရောက်နေထိုင်ခဲ့ကြပြီးနောက် တရုတ်နိုင်ငံ၏ ချစ်ကြည်ရေးခရီးစဉ်မှာ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

ကူညီဆောင်ရွက်ပေး

ဒုတိယမြောက်ခရီးစဉ်အဖြစ် မိမိတို့၏ အမိမြေ မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၁၅ရက်တွင် ရောက်ရှိလာခဲ့ကြပြီ။ မြန်မာပြည်ကိုရောက်ပြီဆိုတော့ မြန်မာလူငယ်အဖွဲ့မှာအိမ်ရှင်ဖြစ်ပြီလေ။အိမ်ရှင်ဆိုတော့ ဧည့်သည်သူငယ်ချင်းများအပေါ် ဧည့်ဝတ်ကျေအောင် ဧည့်ခံကြရမည်။ မဲခေါင်လူငယ်ချစ်ကြည်ရေးကိုယ်စားလှယ်များ အစစအရာရာ အဆင်ပြေစေရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးကြသလို မိမိတို့ မြန်မာလူငယ် ချစ်ကြည်ရေးအဖွဲ့ဝင်များ အနေဖြင့်လည်း နိုင်ငံတစ်နိုင်ငံလျှင် နှစ်ဦးစီ တာဝန်ယူကူညီဆောင်ရွက်ပေးခဲ့ကြသည်။

လာရောက်ကြိုဆို

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရောက်တော့ မဲခေါင်ဒေသ လူငယ်ချစ်ကြည်ရေးအဖွဲ့ဝင်များကိုပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှတာဝန်ရှိသူများက လာရောက် ကြိုဆိုခဲ့ကြပြီး တည်းခိုရမည့် Sedona Hotel သို့ ပို့ဆောင်ပေးခဲ့သည်။

အမှတ်တရဓာတ်ပုံရိုက်

တရုတ်နိုင်ငံ ယူနန် ပြည်နယ်ရှိ တိုင်းရင်းသားကျေးရွာမှ တိဗက်လူ မျိုး များ နှင့် မဲခေါင် ဒေသ လူငယ် ချစ်ကြည်ရေး အဖွဲ့ဝင်များ ဤသို့အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြသည်။
(မြန်မာ့အလင်း)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက မဲခေါင်လူငယ်ချစ်ကြည်ရေးအဖွဲ့ဝင်များအားSedona Hotel ၌ပင် ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ၌ပင်ထင်ရှားကျော်ကြားသည့် ရွှေတိဂုံစေတီတော်သို့ ဇန်နဝါရီ၁၆ရက်၌ သွားရောက်ဖူးမြော်ခဲ့ကြသည်။ ရွှေတိဂုံစေတီတော်သို့ရောက်တော့ ဂေါပကလူကြီးများက ရွှေတိဂုံစေတီတော်သမိုင်းကြောင်းနှင့် တန်ခိုးကြီးပုံအကြောင်းတို့ကို လိုက်လံရှင်းပြပေးရာ အဖွဲ့ဝင်သူငယ်ချင်းမှာ ပိုမိုကြည်ညိုသဒ္ဒါတရားထက်သန်လာကြပြီး အလှူငွေများလှူဒါန်းခြင်း၊ရွှေသင်္ကန်းကပ်လှူခြင်း၊ ရေသပ္ပာယ်ခြင်း၊ ခေါင်းလောင်းထိုး၍ အမျှပေးဝေခြင်းများ ပြုလုပ်ခဲ့ကြသည်။

အမျိုးသားပြတိုက်

ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့်နေထိုင်လာခဲ့ကြသည့် မြန်မာလူမျိုးတို့၏ယဉ်ကျေးမှု၊ ဓလေ့ရိုးရာ၊ အသုံးအဆောင်များတို့ကို ပြသထားရာ အမျိုးသားပြတိုက်နှင့် မြန်မာ့ရေမြေမှ ထွက်ရှိသော အဖိုးတန် ကျောက်မျက်ရတနာများကို ပြသထားရာ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် အရောင်းခန်းမသို့လည်း ရောက်ရှိလေ့လာခဲ့ကြသည်။ ကျောက်မျက်ရတနာ ပြတိုက်၌ ပြသထားသည့် အဖိုးတန်ကျောက်မျက်ရတနာတို့ကို အဖွဲ့ဝင်များအားလုံးမှာ တအံ့တသြကြည့်ရှုလေ့လာကြပြီး ကျောက်မျက်ရတနာပြတိုက်၏ အောက်ထပ်တွင် ဖွင့်လှစ်ထားသည့် အရောင်းဆိုင်များမှ မြန်မာ့ ကျောက်မျက်ရတနာတို့ကို ဝယ်ယူခဲ့ကြသည်။

ဝယ်ယူ

ဈေးဝယ်ထွက်ရသည်မှာ လူငယ်များအားလုံး၏အကြိုက်ဖြစ်၍ ရန်ကုန်မြို့၏ နာမည်ကျော် ဗိုလ်ချုပ်ဈေးသို့လည်း သွားရောက်ခဲ့ကြသည်။ အများစုမှာ မြန်မာ့ရိုးရာ ချည်ထည်အဝတ်အစားများကို ဝယ်ယူခဲ့ကြသည်။

ယင်းနေ့ညတွင်ပင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်ဝန်က မဲခေါင် လူငယ်ချစ်ကြည်ရေးအဖွဲ့ဝင်များအား Yangon City Hotel၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ရာ အဖွဲ့ဝင်နိုင်ငံများကလည်း ရိုးရာအကများဖြင့် ပြန်လည် ကပြဖျော်ဖြေခဲ့ကြသည်။ ထိုညစာစားပွဲသို့ ကမ္ဘောဒီးယားမှ သူငယ်ချင်း တစ်ဦးမှာ မြန်မာ့ရိုးရာတိုက်ပုံနှင့် ခေါင်းပေါင်းကို ဝတ်ဆင်လာပြီး တရုတ်လူငယ်အဖွဲ့အနေဖြင့် ဗိုလ်ချုပ်ဈေးမှ ဝယ်ယူခဲ့သော မြန်မာ့ချည်ထည်များကို ဝတ်ဆင်လာခဲ့ကြသည်မှာ မြန်မာတို့အတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။

မဲခေါင်ဒေသလူငယ်ချစ်ကြည်ရေးအဖွဲ့ဝင်များ၏ မြန်မာနိုင်ငံခရီးစဉ်မှာ ပျော်ရွှင်စွာပြီးဆုံးခဲ့ပြီ။ **ခင်မင် ရင်းနှီးတတ်သော၊ နွေးထွေးပျူငှာသော၊ ဧည့်ဝတ်ကျေပွန်သော မြန်မာတို့၏ စိတ်နှလုံးကောင်းများနှင့် တည်ငြိမ်အေးချမ်းလျက် ရှိသည့် မြန်မာ့အလှကို မဲခေါင်လူငယ် သူငယ်ချင်းများ အနေဖြင့် မေ့ပျောက်နိုင်မည် မဟုတ်တော့ပါ။ ။**

(မြန်မာ့အလင်း)

ခင်မင် ရင်းနှီးတတ်သော၊ နွေးထွေး ပျူငှာသော၊ ဧည့်ဝတ် ကျေပွန်သော မြန်မာတို့၏ စိတ် နှလုံးကောင်းများနှင့် တည်ငြိမ် အေးချမ်းလျက်ရှိသည့် မြန်မာ့ အလှကို မဲခေါင်လူငယ်သူငယ်ချင်း များအနေဖြင့် မေ့ပျောက်နိုင်မည် မဟုတ်တော့ပါ။

ငါးထပ်ကြီးဘုရား သံထည်စောင်းတန်းနတ်လမ်း အသစ်တည်ဆောက်ရာ၌ ကုသိုလ်ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သမိုင်းဝင်တန်ခိုးကြီးဘုရားတစ်ဆူဖြစ်တော်မူသော မဟာသကျအတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရား ကားလမ်းအထက်ပိုင်း နတ်လမ်းစောင်းတန်းတော်ကြီးကို သံထည်၊ သွပ်မိုးတို့ဖြင့် အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ပြုလုပ်လျက်ရှိသည်။ အလျား ၁၅ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၁ ပေ တစ်ခန်းလျှင် ကျပ် ၁၀ သိန်းနှုန်းဖြင့် မူလအလှူရှင်များနှင့်တကွ လှူဒါန်းလိုသူများ ဂေါပကရုံးခန်းသို့ လာရောက်၍ဖြစ်စေ၊ ဖုန်း–၀၁–၅၅၄၀၅၇၊ ၀၁–၅၄၂၁၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သား မောင်ရာဇာလင်း First M.B ဆေးတက္ကသိုလ်(၂) (၂၀၀၅) အားရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၁လမ်း တိုက်အမှတ် ၁၀၂ အခန်း ၄ နေ ဖခင် ဦးအေးကျော်–မိခင် ဒေါ်အေးအေးမြင့်တို့က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘူတာရုံလမ်းရှိ တိုင်းရင်းသားလူမျိုးများ ပရဟိတ(ကျား)ကျောင်းသို့ ထာဝရငွေပဒေသာပင် အလှူတော်ငွေကျပ် ၁၀ သိန်းကို ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဉာဏိဿရထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

✱ ရှေ့ဖုံးမှ

သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။ မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တာမိုးညဲမြို့သို့ရောက်ရှိပြီး မြို့နယ်တိုင်းရင်းသားယဉ်ကျေးမှုခန်းမ၌ တိုင်းရင်းသားအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တက်ညီလက်ညီကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသနှင့်ကိုက်ညီသည့် သီးနှံများတိုးချဲ့စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းမှာကြားပြီး လက်ဆောင်ပစ္စည်းများကို တာမိုးညဲမြို့နယ်မှ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်နှင့် ကျောင်းအုပ်ဆရာကြီးတို့ထံ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တာမိုးညဲမြို့နယ် တိုင်းရင်းသားအဖွဲ့၏ ဘိန်းအစားထိုး ဂူလုံလက်ဖက်ခြောက်နှင့် အချိုခြောက်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်းရှိ လက်ဖက်အစိုလျှော့စက်၊ လက်ဖက်လှော်စက်၊ လက်ဖက်ရွက်လိပ်စက်နှင့် အလိုအလျောက် လက်ဖက်အခြောက်ခံစက်တို့၏ စက်များလည်ပတ်မှုအခြေအနေနှင့် လက်ဖက်လဟာထုပ်ပိုးစင်တို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးမြင့်လွင်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

လက်ဆောင်ပစ္စည်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာမိုးညဲမြို့ တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး လက်ဆောင်ပစ္စည်းများကို စစ်သည်မိသားစုဝင်များထံ ပေးအပ်သည်။ **(သတင်းစဉ်)**

❐ ကျောဖုံးမှ

မွေးမြူထားရှိမှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ကြံမျိုးပြခန်း၌ ပြသထားသော မျိုးစပ်ကြံများ၊ အထွက်ကောင်း ပြည်ပကြံမျိုးများနှင့် သုတေသနဓာတ်ခွဲခန်းတွင်း၌ ကြံပင်အား သကြားချက်လုပ်မှု လုပ်ငန်းစဉ်နှင့် သကာရည်၊ တင်လဲရည်ထုတ်လုပ်ဓာတ်ခွဲမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အထွေထွေမန်နေဂျာ ဦးစံသိန်းက ကြံပင်နှင့် မြက်ပင်ရေစုပ်ယူမှုနှင့် ရေငွေ့ပြန်နှုန်းကို တိုင်းတာသော လိုင်စီမီတာကိရိယာအသုံးပြုပုံကို ရှင်းလင်းတင်ပြပြီး မျိုးပွားခြံအတွင်း လက်တွေ့စမ်းသပ် စိုက်ပျိုးထားသည့် ကြံခြောက်ဧကကိုကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လို ကျေးရွာအနီးရှိ တောင်သူ ဦးပေသီး၏ မတ်ပဲ ၆ ဒသမ ၉၃ ဧကတွင် အောင်မြင်ဖြစ်ထွန်းနေသော နေကြာ ၃ ဒသမ ၄၆ ဧက သီးညှပ်စိုက်ခင်းများသို့ သွားရောက် ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် မွေးမြူရေး ဦးစီးဌာနမှ ပြသထားသည့် နေကြာခင်းများအနီး မွေးမြူထားသောပျားအုံများမှ ရရှိသည့်သဘာဝဆေးဖက်ဝင် ပျားရည်၊ ပျားဖယောင်း၊ ပျားကော်နှင့် ပျားဝတ်မှုန်များကိုလည်းကောင်း၊ နေပြည်တော် လယ်ဝေးမြို့နယ် ရုံးပင်ကျေးရွာအုပ်စုနှင့် ပိတောက်ချောင် ကျေးရွာအုပ်စုများရှိ စိုက်ခင်းများအတွင်း နေကြာပင်များ သီးညှပ်စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်နေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဦးဉာဏ်ဝင်း ကူဝိတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး ရှိတ် ဒေါက်တာ မူဟာမက် အယ်ဆာဘား အယ်ဆယ်လမ် အယ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး ထီးတော်သစ်တင်လှူပူဇော်ရန်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်နေ မိခင် ဒေါ်ဆုံ သမီး မသီတာ သားမောင်ကျော်နိုင်မိသားစုက အလှူငွေကျပ် ခုနစ်သိန်းခန့်တန်ဖိုးရှိ ရတနာပစ္စည်းများကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးတင်ဦး (အလှည့်ကျသဘာပတိ) နှင့် ဦးလှမင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

သုဝဏ္ဏာမြို့ဦး ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ရန်ကုန်သစ်ရပ်ကွက် သုဝဏ္ဏာမြို့ဦးဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သံဃနာယကအဖွဲ့တို့၏ ဦးဆောင်စီစဉ်မှုတို့ဖြင့် စေတီတော်ဘက်စုံတည်ဆောက်ရေးအဖွဲ့(ဦးစီးနာယက)ဘုန်းဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

ဖျော်ဖြေတင်ဆက်

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်တွင်း၌ ဟာသမင်းသားထက်ထက်နှင့် ရှဲဒိုးပါဝင်သော ရွှေပဒေသာဇာတ်သဘင်အဖွဲ့က မတ် ၁ ရက်မှ ၃ ရက် အထိလည်းကောင်း၊ မတ် ၄ ရက်မှ ၈ ရက်အထိ မိုးမင်းဇာတ်သဘင် အဖွဲ့တို့က လည်းကောင်း၊ မတ် ၉ ရက်ညတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေဝါဝင်းအငြိမ့်အဖွဲ့နှင့်အတူ ဟာသမင်းသား မိုးဒီတို့ ပါဝင်မည့်အဖွဲ့တို့က ဖျော်ဖြေတင်ဆက်ကြမည်ဟု သိရသည်။ **(၁၂၁)**

ကြက်ငှက်တုပ်ကွေး ကာကွယ်ရေးစစ်ဆေး

လပွတ္တာ ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာယီ ပျံကျဈေးအတွင်း ရောင်းချလျက်ရှိသော ကြက်၊ ဝက်၊ ဘဲ အသားများအား ကြက်ငှက်တုပ်ကွေး ကာကွယ်ရေးအတွက် ဇန်နဝါရီ ၁၂ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ရင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်သန်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးသိန်းဌေးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်း၍ လိုက်လံကြည့်ရှုစစ်ဆေးကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

Proven Technology Industry Co., Ltd. GM/ဒါရိုက်တာ ဦးသန်းထိုက်လွင်က ၂၀၀၇ ခုနှစ်အတွင်း ရန်ကုန်မြို့တွင် တိုယိုဘက်ထရီ အများဆုံး ရောင်းချနိုင်သော ဦးမြင့်လွင်(ကိုယ်စား) ၂၃ လမ်း ရန်ကုန်မြို့အား အပိုထပ်ဆောင်းဆုပေးအပ်စဉ်။ (သတင်းစဉ်)

TOYO အမှတ်တံဆိပ်ဘက်ထရီ အရောင်းကိုယ်စားလှယ်များဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီတစ်ခုဖြစ်သည့် ISO 9001:2000 (QMS) လက်မှတ်ရ Proven Technology Industry Co., Ltd. ၏ အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးအတွင်းရှိ Western Park Royal Restaurant ၌ ကျင်းပသည်။ ရှေးဦးစွာ Proven Technology Industry Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအုန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တိုယိုဘက်ထရီ၏ အရည်အသွေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အီတလီနည်းပညာဖြင့် အသစ်ထပ်မံထုတ်လုပ်သည့် (Tubular) ကျူပလာဘက်ထရီ၏ အရည်အသွေးနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၀၇ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး တိုယိုဘက်ထရီ အများဆုံးရောင်းချနိုင်သော အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြသည်။

တိုယိုဘက်ထရီကို မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီမှ မြန်မာနိုင်ငံ ရွှေပြည်သာ စက်မှုဇုန်တွင် စက်ရုံတည်ဆောက်ကာ ၁၉၉၅ ခုနှစ်မှ စတင်ထုတ်လုပ်ပြီး ISO စံချိန်စံညွှန်းနှင့်အညီ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

အထူးထုတ်လုပ်

ထုတ်လုပ်သည့် ဘက်ထရီအမျိုးအစားများမှာ N-20, N-40 ZL, N-50 ZL, N-70 L, N-70 ZL, N-100, N-120, N-150, N-200 တို့အပြင် မီးရထားစက်ခေါင်းနှိုးဘက်ထရီ၊ မီးရထားတွဲသုံးဘက်ထရီ၊ ဂေါက်ကွင်းကားသုံး ဘက်ထရီ၊ ငါးဖမ်းစက်လှေ၊ စက်လှေကား၊ ဓာတ်လှေကား အစ ရှိသည့် Industry (Stand By) ဘက်ထရီများကို အထူးထုတ်လုပ်ရောင်းချလျက်ရှိသည်။

ပြည်တွင်းဖြစ် ဖြစ်သော်လည်း နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ထားသောကြောင့် သုံးစွဲသူများ သိရှိသဘောကျနှစ်သက်ကြပြီး ယခုအခါ သုံးစွဲသူများ၏ အကျိုးကို ရှေးရှု၍ လက်ရှိထုတ်လုပ်နေသော ဘက်ထရီထက် သက်တမ်းတစ်ဆကျော် ပိုမိုခံနိုင်မည့် ကျူပလာဘက်ထရီကို ထုတ်လုပ်ရန်ပြင်ဆင်လျက်ရှိရာ ယခုနှစ်အတွင်း ဈေးကွက်သို့ ရောင်းချပေးနိုင်မည်ဖြစ်သည်။

ဖြန့်ချိ

တိုယိုဘက်ထရီအား ရန်ကုန်မြို့တွင် F/S 14 ရွှေစံပယ်ရိပ်မွန်ရေကြောင်း သိပ္ပံရှေ့ ကမာရွတ်မြို့နယ် ဖုန်း–၇၀၀၇၀၉၊ ၇၀၀၇၂၀၊ ၅၂၇၆၆၇၊ မန္တလေးမြို့တွင် အမှတ် ၁၁၄၊ ၈၄လမ်း ၃၁ လမ်းနှင့် ၃၂ လမ်းကြား မန္တလေးမြို့ ဖုန်း–၀၂–၇၂၃၃၀၈ တို့မှ တစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိလျက်ရှိသည်။ **(သတင်းစဉ်)**

ကာလင်းဖလား စပါးတို့ဆွတ်ခူး ချယ်လ်ဆီးတို့ ချန်ပီယံဘွဲ့ လက်လွတ်ခဲ့ရ

အင်တာနက်ဖောင်ပိတ် - မောင်မောင်မြင့်ဆွေ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

(၄၈)ကြိမ်မြောက် ကာလင်းဖလားဗိုလ်လုပွဲကို လန်ဒန်မြို့ ဝင်ဘလေကွင်း၌ ဖေဖော်ဝါရီ ၂၄ရက်က စပါးနှင့်ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ကာလင်းဖလားချန်ပီယံဘွဲ့ကို စပါးတို့လက်သို့ လွှဲပြောင်းပေးလိုက်ရပြီဖြစ်သည်။

မကစားနိုင်

၁၉၆၅၊ ၁၉၉၈၊ ၂၀၀၅ နှင့် ၂၀၀၇ ခုနှစ်တို့၌ ကာလင်းဖလား ရရှိခဲ့သော ချယ်လ်ဆီးတို့က ၁၉၇၁၊ ၁၉၇၃ နှင့် ၁၉၉၉ ခုနှစ်တို့၌ ကာလင်းဖလား ရရှိခဲ့ဖူးသော စပါးကို အပေါ်စီးမှ မကစားနိုင်ခဲ့ချေ။

ထင်ရှားစေ

စပါးတို့က ၄–၄–၂ အခင်းအကျင်းဖြင့် တိုက်စစ်၌ ဘာဘာတော့ဗ်နှင့် ရော်ဘီကိန်းတို့ ဦးဆောင်ထွက်လာသလို ချယ်လ်ဆီးတို့ကလည်း ဒရော့ဘာနှင့် အနယ်ကာတိုက်စစ်အတွဲကို ပွဲထုတ်ခဲ့သည်။ ချယ်လ်ဆီးတွင် ဒဏ်ရာရနေသော တယ်ရီနှင့် လမ်းပတ်တို့ကို နည်းပြ ဂရန့်ထုတ်သုံးခဲ့ခြင်းမှာ ကာလင်းဖလား အရယူရေးအတွက်ဖြစ်ကြောင်း ထင်ရှားစေခဲ့သည်။

စပါးအတွက် ချေပဂိုးကို တိုက်စစ်မှူး ဘာဘာတော့ဗ်က ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ချယ်လ်ဆီး ဂိုးအတွင်း ဤသို့ ကန်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အပြန်အလှန်ထိုးဖောက်

ပွဲစသည်နှင့် နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ရာ မည်သည့်အသင်းမှ အသာစီးမရဘဲ အပြန်အလှန်ထိုးဖောက်နိုင်ခဲ့သည်။ ချယ်လ်ဆီးကွင်းလယ်၌ လမ်းပတ်၊ အက်ဆီယံနှင့် မီခေးလ်တို့၏ကစားအားကို စပါးမှ ဇိုကိုရာ၊ လင်နွန်၊ ဂျာမိန်းဂျီးနက်တို့ ကောင်းကောင်းယှဉ်နိုင်ခဲ့သည်။

အဖွင့်ဂိုး

ချယ်လ်ဆီးတို့ အဖွင့်ဂိုးရရှိရေးကြိုးစားခဲ့ရာ ၃၉ မိနစ်တွင် ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာက ၂၅ ကိုက်အကွာ၌ ရရှိသော အလွတ်တည်ကန်ဘောမှတစ်ဆင့် အပိုင်ကန်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ အဖွင့်ဂိုး ရရှိသွားခဲ့ရာ ချယ်လ်ဆီးပရိသတ်တို့ ပျော်မြူးသွားခဲ့သည်။

တစ်ဂိုးစီဖြစ်

စပါးတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ရော်ဘီကိန်းနှင့် ဘာဘာတော့ဗ်တို့ အဆုံးသတ်မသေချာမှုကြောင့် ဂိုးမရရှိဘဲ ပထမပိုင်းပွဲချိန်အတွင်း စပါးတို့ ချေပဂိုး မသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းတွင် စပါးတို့ ချေပဂိုးရရှိရေး ဖိကစားခဲ့ရာ ပွဲချိန် မိနစ် ၇၀ ၌ ချယ်လ်ဆီးနောက်ခံလူ ဝိန်းဘရစ်ကြောင့် စပါးတို့ ပယ်နယ်တီရရှိခဲ့ရာ ဘာဘာတော့ဗ် ကန်သွင်းယူခဲ့သဖြင့် တစ်ဂိုးစီဖြစ်သွားခဲ့သည်။

အချိန်ပိုကစားခဲ့ရ

ထို့နောက် ချယ်လ်ဆီးတို့က ဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ဂိုးမသွင်းနိုင်ဘဲဖြစ်ခဲ့ရာမှ အချိန်ပိုကစားခဲ့ရသည်။ အချိန်ပိုအတွင်း နှစ်သင်းစလုံး အကြိတ်အနယ် ကြိုးစားခဲ့ရာမှ ပွဲချိန် ၉၄ မိနစ်၌ စပါးနောက်ခံလူ ဂျိုနသန်ဝုဒ်ဂိတ်က တစ်ဂိုးသွင်းခဲ့ရာမှ စပါးတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကာလင်းဖလားကို လေးကြိမ်မြောက် ဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။ ။

ပရီမီယာလိဂ် အခြားပွဲရလဒ်

ရက်ဒင်း	၁	–	၂	ဗီလာ
ဘလက်ဘန်း	၄	–	၁	ဘော်လ်တန်

အီတလီစီးရီးအေ ပွဲစဉ်(၂၄)ရလဒ်

အတ္တလန်တာ	၂	–	၂	ဆီနာ
ကာဂလီရာရီ	၁	–	၀	လာဇီယို
အမ်ပိုလီ	၂	–	၀	ကာတာနီယာ
လီဗော်နို	၁	–	၂	နာပိုလီ
ရိုးမား	၁	–	၀	ဖီအိုရင်တီးနား
ဆမ်ဒိုးရီးယား	၁	–	၁	အင်တာမီလန်
အူဒီးနီးစ်	၃	–	၅	ဂျီနိုအာ

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးကဏ္ဍ (၅)

ပါမောက္ခ ဒေါက်တာပိုင်စိုး

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။ ကျန်းမာရေးကဏ္ဍ တိုးတက်ရန် ရည်ရွယ်လျက် အမျိုးသား ကျန်းမာရေးကော်မတီ ဦးဆောင်မှုဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းတာဝန်များအတိုင်း တိုးတက်ပြောင်းလဲနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်နှင့် လိုက်လျောညီထွေရှိမည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာစေရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ လူအများစုသည် ကျေးလက်တောရွာတွင် နေထိုင်ကြပြီး ရှေးရိုးစဉ်ဆက်က သုံးစွဲလာခဲ့ကြသော မြန်မာတိုင်းရင်းဆေးနည်းများကို အားထား၍ မိသားစု ကျန်းမာရေးအား ကာကွယ်စောင့်ရှောက်ရပ်တည်လာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာရှည်ခဲ့ပြီ ဖြစ်ပါသည်။

တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်မှု

မိရိုးဖလာ တိုင်းရင်းဆေးနည်းများကို လက်ခံကုသသုံးစွဲနေကြခြင်းအား နိုင်ငံတော်အကြီးအကဲက အားပေးသည့်အနေဖြင့် အာနိသင်ထက်မြက်၍ အန္တရာယ်ကင်းသော တိုင်းရင်းဆေးများကို ပိုမိုတိကျစွာ ပေါ်ထွက်လာနိုင်စေရန် ကျန်းမာရေးဝန်ကြီးဌာနအား အကောင်အထည်ဖော် ဆောင်ရွက်စေပါသည်။

“မိမိတို့တိုင်းရင်းဆေးပညာရပ်သည် အစဉ်အလာကြီးမားခဲ့သည့် ပညာရပ်များဖြစ်ကြောင်း၊ တိုင်းရင်းဆေးများကို တိတိကျကျ ခိုင်ခိုင်မာမာနှင့် တိုင်းရင်းဆေးသန့်သန့် ဖော်ထုတ်လုပ်သွားပါက ပြည်သူများ ပိုမိုယုံကြည်အားထား အသုံးပြုလာရမည်ဖြစ်ကြောင်း။”

လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေး ဝန်ကြီးဌာနသည် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်၊ အထက်မြန်မာပြည်၊ မြန်မာပြည်အလယ်ပိုင်း)စသည့် ဦးစီးဌာနများဖြင့် မိရိုးဖလာ စိတ်ချရသော တိုင်းရင်းဆေးပင်များနှင့် ရောဂါများကို ကုသကာကွယ်နိုင်ရန် သိပ္ပံနည်းကျ သုတေသနများ ပြုလုပ်ဆောင်ရွက်လျက် ရှိပါသည်။

တိုင်းရင်းဆေးပညာရုံးကို ၁၉၅၃ခုနှစ်တွင် ကျန်းမာရေး ဦးစီးဌာန၏ လက်အောက်တွင် စတင်တည်ထောင်ခဲ့ပြီး တပ်မတော်အစိုးရလက်ထက် ၁၉၈၉ခုနှစ် ဩဂုတ်လတွင် တိုင်းရင်းဆေးပညာဦးစီးဌာနအဖြစ် အဆင့်မြှင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွင် တိုင်းရင်းဆေးနှင့် ကုထုံးများအား အသုံးပြုနိုင်ရန် ၁၉၈၉ ခုနှစ် အမျိုးသားကျန်းမာရေး စီမံကိန်း တွင် တိုင်းရင်းဆေးပညာနှင့် ပတ်သက်သော ကျန်းမာရေး စောင့်ရှောက်မှုများကို ထည့်သွင်းရေးဆွဲလာခဲ့သည်။

ကမ္ဘာပေါ်ရှိ လူသားအားလုံးကို ကျန်းမာရေး ပြဿနာများဖြေရှင်းနိုင်ရန် အနောက်တိုင်းဆေးဝါးများနှင့်သာ မလုံလောက်နိုင်ကြောင်း တွေ့ရှိရသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် တိုင်းရင်းဆေးပညာရပ်များ တိုးတက်ဖော်ထုတ်ရေးအတွက် အဘက်ဘက်မှ အားပေးဆောင်ရွက်လျက် ရှိပါသည်။

အစွမ်းထက်သော တိုင်းရင်းဆေးပင်များ တိမ်ကောပပျောက်ခြင်း မရှိစေရေး၊ တိုင်းရင်းဆေးပညာရှင်များ တိုးတက်ပြန့်ပွားလာစေခြင်းဖြင့် မြန်မာတိုင်းရင်းဆေးပညာ ဆောင်ရွက်ချက်များနှင့် သုတေသနလုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေး၊ တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးရေးဟူသော ရည်မှန်းချက်များဖြင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ဖွင့်လှစ်ခဲ့ပါသည်။

ကျန်းမာရေး စွမ်းအားစု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အရ တိုင်းရင်းဆေးရုံနှစ်ရုံမှ ၁၄ ရုံ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆေးရုံနှစ်ရုံ အဆင့်တိုးမြှင့်ခြင်း၊ ဆေးကုဌာန ၈၉ ခုမှ ၂၃၇ ခု တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ တိုင်းရင်းဆေး ဖွံ့ဖြိုးမှုအနေဖြင့် ၂၀၀၃ ခုနှစ်တွင် မှတ်ပုံတင်ပြီးသော တိုင်းရင်းဆေးပေါင်း ၅၀၀၀ ကျော်ရှိခဲ့ပါသည်။ တိုင်းရင်းဆေးဝါးစက်ရုံ နှစ်ရုံ တည်ထောင်နိုင်ခဲ့ပြီး အစွမ်းထက်သော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရေးအတွက် ပရဆေးဥယျာဉ်များ ထူထောင်လျက်ရှိရာ ပြည်နယ်၊ တိုင်းအသီးသီး၌ ပရဆေးဥယျာဉ် ကိုးခု ထူထောင်ထားရှိပြီး ဖြစ်ပါသည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆေးဖက်ဝင် ပရဆေးပင်များ စုံလင်သော ပြည်တွင်း၊ ပြည်ပမှ စိတ်ပါဝင်စားသူများ လေ့လာနိုင်သည့် အမျိုးသား ပရဆေးဥယျာဉ်ကြီးကို ယခုအခါ နေပြည်တော်၌ စတင်တည်ထောင်လျက်ရှိပါသည်။ ယင်းဥယျာဉ်ကြီးသည် ၁၉၆ ဒသမ ၄ ဧက ကျယ်ဝန်းပြီး မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ပရဆေးပင်များကို နေရာတစ်နေရာတည်း၌ လေ့လာကြည့်ရှုနိုင်မည့် နိုင်ငံတကာ အဆင့်မီ ပရဆေးဥယျာဉ်ကြီးတစ်ခုအဖြစ် ထွက်ပေါ်လာရန် ရည်မှန်းဆောင်ရွက်လျက် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

တိုင်းရင်းဆေးပညာ အဆင့်မြင့်မားရေးအတွက် အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးဆရာများ လေ့ကျင့်မွေးထုတ်ရန် တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၂ ခုနှစ်တွင် မန္တလေးမြို့၌ ဖွင့်လှစ်ခဲ့ပြီး စတင်သင်ကြားလျက်ရှိရာ တိုင်းရင်းဆေးပညာဘွဲ့ရ တိုင်းရင်းဆေးဆရာ ၁၇၄ ဦးကို ယခုအခါတွင် မွေးထုတ်ပေးပြီး ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ တိုင်းရင်းဆေးသမားတော်များညီလာခံများကို ခုနစ်ကြိမ် ကျင်းပခဲ့ပါသည်။

တိုင်းရင်းဆေးကဏ္ဍနှင့် ပတ်သက်၍ တိုင်းရင်းဆေးဝါး ဥပဒေ၊ တိုင်းရင်းဆေးကောင်စီ ဥပဒေတို့ကို ပြဋ္ဌာန်းပေးနိုင်သဖြင့် ပြည်သူတို့အတွက် ဘေးဖြစ်စေမည့် တိုင်းရင်းဆေးဝါးများကို တားဆီးပေးနိုင်ခြင်း၊ အမှန်တကယ် အစွမ်းထက်သည့် မြန်မာတိုင်းရင်းဆေးဝါးများကို ထုတ်လုပ်ခွင့်လိုင်စင်များ ထုတ်ပေးနိုင်ခြင်း၊ တိုင်းရင်းဆေးဥပဒေကို ပြဋ္ဌာန်းပေးနိုင်သဖြင့် တိုင်းရင်းဆေးကောင်စီတစ်ရပ်ကို ဖွဲ့စည်းပေးနိုင်ခဲ့ပြီး တိုင်းရင်းဆေးဆရာတို့အတွက် စနစ်တကျ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်ထုတ်ပေးခြင်း၊ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို ထိန်းသိမ်းခြင်းနှင့် တစ်ခုတည်းသော မြန်မာ့တိုင်းရင်းဆေးဆရာ အသင်းကို ၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့ပြီး တိုင်းရင်းဆေးဆရာတို့၏ စည်းလုံးညီညွတ်မှုကို ရရှိစေနိုင်ခြင်းတို့ကြောင့် တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးစေခဲ့ပါသည်။

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)သည် တိုင်းရင်းဆေး သုတေသနများကို ပြုလုပ်အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ နှစ် ၄၀ ခန့်ရှိခဲ့ပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုများသော ရောဂါကြီးများနှင့်ပတ်သက်၍ တိုင်းရင်းဆေးပင်နှင့်ဆေးဖုံများ၏ အာနိသင်သက်ရောက်မှုတို့ကို စဉ်ဆက်မပြတ် သုတေသနပြု စမ်းသပ်ပေးနိုင်ခဲ့ပါသည်။

တိုင်းရင်းဆေးနှင့်ပတ်သက်၍ ကုထုံးများ၊ သုတေသန တွေ့ရှိချက်များ၊ တိုင်းရင်းဆေးခန်းသုံးဆေးဖုံများ၊ မဟာဘွဲ့ကျမ်းများကို ပြုစု၊ စုဆောင်းထားရှိပြီး နောင်လာနောက်သားများအတွက် စနစ်တကျ ရေရှည်ထိန်းသိမ်းနိုင်ရန် စာအုပ်များ အသွင်ဖြင့် ပုံနှိပ်ထားရှိပါသည်။ ယင်းအပြင် အရှည်တည်တံ့စေရန် စီဒီဓာတ်ပြားများဖြင့် သိမ်းဆည်းထားရှိပြီး အချို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုထားရှိပါသည်။

မိရိုးဖလာအရ သုံးစွဲနေသည့် တိုင်းရင်းဆေးပင်များအား အသုံးပြု၍ ကုသခြင်းသည် ကုန်ကျစရိတ်သက်သာစေခြင်း၊ လွယ်လင့်တကူ ရရှိနိုင်ခြင်း၊ ဆေးအတွက် ဘေးအန္တရာယ်နည်းပါးခြင်းတို့နှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

တိုင်းရင်းဆေးနှင့် အနောက်တိုင်း ဆေးပညာတို့သည် အခြေခံသဘောထား အမြင်ယူဆချက်များမှာ များစွာ ကွာခြားလှပေသည်။ သို့သော်လည်း ကျန်ကုထုံးများသည် တိုင်းရင်းဆေးဆရာကြီးများ၏ နှစ်ကြာရှည်စွာ ကုသအောင်မြင်မှုရှိသော ဆေးပင်များကို အနောက်တိုင်း ဆေးပညာရှင်များ၏ အမြင်ဖြင့် သိပ္ပံနည်းကျကျ သုတေသနပြု ဆန်းစစ်ကြည့်သောအခါတွင် အာနိသင်ထက်သော၊ စိတ်ချရသော၊ ဘေးကင်းသောနည်းများ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ သိပ္ပံနည်းကျ စမ်းသပ်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ရာတွင် ငှက်ဖျားရောဂါအတွက် နိုင်ငံခြားအကူအညီမပါရှိဘဲ အစမှ အဆုံးတိုင် ကမ္ဘာ့အဆင့်မီ Quinine နှင့် Artemisinine ဆေးဝါးများကို စိုက်ပျိုးထုတ်လုပ်နိုင်နေပြီ ဖြစ်ပါသည်။

တီဘီရောဂါတွင်လည်း ပထမအဆင့် သမားရိုးကျအနောက်တိုင်း တီဘီဆေးများဖြင့် ကုသ၍မရသော ဆေးယဉ်ပါး တီဘီရောဂါ (MDR -TB) လူနာများအတွက် အစွမ်းထက်မြက်သော မြန်မာ့တိုင်းရင်းဆေးဝါးများကို သိပ္ပံနည်းကျ ဖော်ထုတ်အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။ အမျိုးသား ကျန်းမာရေးကော်မတီမှ ကြီးကြပ်၍ မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုများသော ရောဂါကြီး ခြောက်မျိုးအတွက် ပြည်တွင်း၌ရှိသော ကုန်ကြမ်းများဖြင့် ဆေးဝါးထုတ်လုပ်ရန် အဖွဲ့များ ဖွဲ့စည်း၍ ကြိုးပမ်းဆောင်ရွက်မှုနှင့် သုတေသနပြုလုပ်မှုများကြောင့် ဆီးချိုရောဂါအတွက် ကြက်ဟင်းခါးသီးဆေးဝါး၊ သွေးတိုးရောဂါအတွက် အကြောပေါင်းတစ်ထောင်ဆေးဝါး၊ ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် ဓာတ်ဆားရည်အစား မြန်မာ့အုန်းစိမ်းရည်၊ ဝမ်းကိုက်ရောဂါအတွက် ရာတန်စေ့တို့ကို သိပ္ပံနည်းကျ စမ်းသပ်ဖော်ထုတ်၍ ပြည်သူလူထု လွယ်ကူစွာ သုံးစွဲနိုင်ရန် သက်ဆိုင်ရာဌာနများသို့ နည်းပညာများ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

မျက်မှောက်ကာလ တပ်မတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် အရှိန်အဟုန်မြင့် တိုးတက်လာပြီဖြစ်သည်။ တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နိုင်ငံလုံး လွှမ်းခြုံ ဖြည့်ဆည်းပေးနိုင်ပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ပြီး နှစ်ဖြာသော ကာယသုခ၊ စိတ္တသုခနှင့် ပြည့်ဝနေပြီ ဖြစ်ပါသည်။ ။

တိုင်းရင်းဆေးရုံ (မန္တလေး) အဆောက်အအုံ။

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၁၅ရက်က လှိုင်သာယာမြို့နယ် အမက(၁၉) ဘက်စုံ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် လက်ထောက်မြို့နယ် ပညာရေးမှူး ဦးမြတ်ဝေတိုးက မြို့နယ်ပထမဆုရ စတုတ္ထတန်းမှ မတင်ဇာမော်အား ဆုချီးမြှင့်စဉ်။ (၀၉၇)

တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် တာမွေရိပ်မွန်တို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးနှင့် HIV/AIDS ကူးစက်ရောဂါအန္တရာယ်လျော့ကျရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၂ ရက်က အထက(၁)တာမွေ ပင်လုံခန်းမ၌ ကျင်းပရာ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးလှဝင်းက ဟောပြောစဉ်။ (၁၇၁)

သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၂ရက်က ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံသို့သွားရောက်ပြီး စက်စွမ်းအားပြည့် လည်ပတ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိမှုအခြေအနေ၊ ရေနွေးငွေ့သုံး ဘွိုင်လာထိန်းချုပ်မောင်းနှင်သည့်စက် (Computer Control System) ပြုပြင်ပြီးစီးမှုနှင့် ဘွိုင်လာစက်လည်ပတ် ဓာတ်အားထုတ်လုပ်ပေးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဖြည့်ဆည်း

ယင်းနောက် စက်ရုံရှင်းလင်းခန်းမ၌ ဝန်ကြီးအား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့၊ ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံများဌာန အင်ဂျင်နီယာချုပ် ဦးသန်းလွင်နှင့် သာကေတဓာတ်အားပေးစက်ရုံ စက်ရုံမှူးဦးထွန်းလှိုင် တို့က ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးဗိုလ်ချုပ် ခင်မောင်မြင့်က လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စက်စွမ်းအား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သာကေတဓာတ်အားပေးစက်ရုံရှိ စွန့်ပစ်အပူသုံးရေနွေးငွေ့ဘွိုင်လာ ထိန်းချုပ်မောင်းနှင်သော (Computer Control System) ပြုပြင်ပြီးစီးမှုနှင့် ရေနွေးငွေ့ဘွိုင်လာစက်အား ထိန်းချုပ်မောင်းနှင်နေမှု အခြေအနေ၊ စက်စွမ်းအားပြည့် လည်ပတ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ခရမ်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန် ဆုပေးပွဲနှင့် ထူးချွန်ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂နာရီက အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ အသင်း၏ ဦးဆောင်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် အသင်းဥက္ကဋ္ဌ ဦးသန်းလွင်တို့က အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးအေးလွင်က နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားသည်။

ဆုပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဘွဲ့ထူးရ ပုဂ္ဂိုလ်များ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်တို့မှ ဆုရ ပုဂ္ဂိုလ်များနှင့် ၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအားအသင်း၏ဦးဆောင်နာယက ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ အသင်းဥက္ကဋ္ဌ နှင့်တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ ဘူတာရုံလမ်း ပဋ္ဌာနိကာယ သာသနာ့ ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန် နိကာယ် သာသနာတော် ထွန်းကားရေး အသင်းကြီး၏ စာအောင် သံဃာ ပူဇော်ပွဲ ထာဝရ ငွေ ပဒေသာပင် အတွက် အမှတ် (၂၇) ရေကျော် လမ်းမ ပုဇွန်တောင် မြို့နယ်နေ ဆရာမ ဒေါ်တင်မြ၊ ဒေါ်ခင်သွဲ့၊ သမီး ချိုနွယ်ဦး၊ ယဉ်မင်းထိုက်၊ မြေး နွေးရတနာထွန်း၊ ဟန်စုယဉ် မိသားစုတို့က ကွယ်လွန်သူမိဘနှစ်ပါးနှင့် အစ်မကြီး ဒေါ်တင်ရီ၊ သားငယ် အောင်ဇော်ဦးတို့အား ရည်စူး၍ အလှူငွေကျပ်တစ်သိန်းကို အသင်းအတွင်းရေးမှူးဦးစိုးဝင်းနှင့် အမှုဆောင် စာရေးဆရာဖိုးကျော့တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မန္တလေးသိန်းဇော်ရဲ့ သုဝဏ္ဏဘုမ္မိ အသံပြပွဲ

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ | **ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)** | **စာမျက်နှာပွဲ့စည်းမှု-ထိန်လင်း**

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မင်္ဂလာတရားကို နှစ်သက်မြတ်နိုးကြတဲ့ ပြည်သူတွေအတွက် "သုဝဏ္ဏဘုမ္မိအသံပြပွဲ"တစ်ရပ်ကို ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ၃၄လမ်း (အထက်)မှာရှိတဲ့ အဇ္ဈာပန်းချီပြခန်းမှာ ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲ၁နာရီက ကျင်းပခဲ့ပါတယ်။

ဂုဏ်ပြုစကား

ဒီပြပွဲဟာ မန္တလေးသိန်းဇော် တည်ထောင်တဲ့ အဇ္ဈာ အလှူတော် သဘင်ဝန်ဆောင်မှုလုပ်ငန်း စတင်ခြင်းနဲ့ အဲဒီလုပ်ငန်းကနေပြီး ထုတ်လုပ်တဲ့ ဓမ္မပူဇာတေးစီးရီးကို မီဒီယာတွေနဲ့ မိတ်ဆက်ပေးခြင်း လည်း ဖြစ်ပါတယ်။ သုဝဏ္ဏဘုမ္မိ အသံပြပွဲရဲ့ အဖွင့်အမှာစကားကိုတော့ ဘဘ ဗိုလ်ကလေးတင့်အောင်က ရင်ထဲက လှိုက်လှိုက်လှဲလှဲနဲ့ ဂုဏ်ပြု စကား ပြောကြားပေးခဲ့ပါတယ်။

သုဝဏ္ဏဘုမ္မိအသံပြပွဲနဲ့ပတ်သက်ပြီး ဘဘ ဗိုလ်ကလေးတင့်အောင်ကို မေးတဲ့အခါ **"ကျွန်တော်တို့ ယုံကြည်သက်ဝင်တဲ့ ဗုဒ္ဓတရားတော်တွေ ပြန့်ပွားအောင် ဂီတနဲ့ပူဇော်ထားတာ ကြားရတော့ ကျေနပ်ဝမ်းသာ ပီတိဖြာရပါတယ်။**

ကြည်နူးစိတ်

ကျွန်တော်တို့ ချစ်မြတ်နိုးတဲ့ ဂီတပညာနဲ့ ဗုဒ္ဓတရားတော်တွေကို လှပတဲ့ ဂီတတီထွင်မှုနဲ့ ပေါင်းစပ်ထားတာမို့ ကြည်နူးစိတ်လဲ ဖြစ်ရပါတယ်"လို့ ပြောပြပါတယ်။

"သုဝဏ္ဏဘုမ္မိ အသံပြပွဲ" မှာ မန္တလေးသိန်းဇော်က သူကိုယ်တိုင် ရေးဖွဲ့ သီဆိုထားတဲ့ **"သောင်းလုံးရွှေရည်လင်း"**သီချင်းကို တက်ရောက်လာတဲ့ ပရိသတ်နဲ့ မီဒီယာသမားတွေကို ဖွင့်ပြခဲ့ပါတယ်။ ဒီသီချင်းဟာ သီချင်းစာသားရော၊ သံစဉ်ပါ ငြိမ့်ညောင်းသာယာပြီး နားဝင်ပီယံ

သီချင်းအားလုံးဟာ ကြည်ညိုစိတ်ဖြစ်ပေါ်စေမယ့် တေးတွေချည်းပဲ ဖြစ်ပါတယ်။ မန္တလေးသိန်းဇော်

ဖြစ်တဲ့အပြင် ဗုဒ္ဓတရားကို ညွှတ်တွားလိုစိတ်ဖြစ်စေအောင် ခံစားရတဲ့သီချင်း ဖြစ်ပါတယ်။

သုဝဏ္ဏဘုမ္မိအသံပြပွဲနဲ့ပတ်သက်လို့လဲ မန္တလေးသိန်းဇော်က **"ဗုဒ္ဓဝင်ကို လူငယ်တွေလွယ်လွယ်ကူကူ သိစေချင်တဲ့အပြင် မြန်မာနိုင်ငံမှာ သာသနာအစပြုရာ သုဝဏ္ဏဘုမ္မိရဲ့ အနေအထားကို သတိပြုမိကြစေရန် အတွက်လဲဖြစ်ပါတယ်။ ဒီသုဝဏ္ဏဘုမ္မိ**

သုဝဏ္ဏဘုမ္မိ အသံပြပွဲ စာနယ်ဇင်း မိတ်ဆက်ပွဲတွင် ဗိုလ်ကလေးတင့်အောင် ဂုဏ်ပြု အမှာစကား ပြောကြားခဲ့သည်။

အသံပြပွဲလို့ အမည်ပေးထားတဲ့ ဓမ္မပူဇာတေး စီးရီးမှာ သီချင်းငါးပုဒ်ပါရှိတယ်" လို့ မန္တလေးသိန်းဇော်က ရှင်းပြပါတယ်။

ပူဇော်

အဲဒီသီချင်းတွေကတော့ **"ခုနစ်နေ့ ဘုရားရှိခိုး၊ သောင်းလုံးရွှေရည်လင်း၊ ကိုးသထုံ အမျိုးစုံလင်၊ သုံးပါးရတနာ (ဆုမြတ်ပတ္ထနာ) နဲ့ ရွှေအလှ မြေမဟီ"** စတဲ့ ဓမ္မပူဇာတေးတွေဖြစ်ပါတယ်။ သီချင်းအားလုံးဟာ အလှူပွဲ၊ အလှူတော်မင်္ဂလာပွဲတွေနဲ့ ဓမ္မပူဇာပွဲတွေမှာ ကြည်ညိုစိတ်ဖြစ်ပေါ်စေမယ့် တေးတွေချည်းပဲ ဖြစ်ပါတယ်။

ထက်သန်

မန္တလေးသိန်းဇော် အနေနဲ့ ဒီလို ဓမ္မပူဇာတေးတွေ ရေးစပ်သီဆို ဖြစ်တာဟာ ဗုဒ္ဓတရားအပေါ်မှာကြည်ညိုစိတ်အပြင် သဒ္ဓါစိတ်ထက်သန်လို့ ဖြစ်ပါတယ်။ ဓမ္မပူဇာတေး သီဆိုမှုနည်းပါးလာတဲ့ ဒီနေ့ခေတ်မှာ ထူးထူးခြားခြား ယုံယုံကြည်ကြည်နဲ့ ဆောင်ရွက်တာမို့ လေးစားဂုဏ်ယူရမယ့်အကြောင်း ဖော်ပြလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

ဗုဒ္ဓဝင်ကို လူငယ်တွေ လွယ်လွယ်ကူကူ သိစေချင်တဲ့အပြင် မြန်မာနိုင်ငံမှာ သာသနာ အစပြုရာ သုဝဏ္ဏဘုမ္မိရဲ့ အနေအထားကို သတိပြုမိ စေရန်အတွက်လည်း ဖြစ်ပါတယ်။

မြန်မာ့အလင်း လိုတိုရှင်းသတင်းများ

အဘိုး၊အဘွားများ တိုင်းရင်းဆေးဖြင့်အခမဲ့ကုသပေး

အဘိုး၊အဘွားများအား မွေးနေ့အလှူ အာဟာရကျွေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခြင်းကို ဖေဖော်ဝါရီ၂၂ရက် နံနက်၁၀နာရီက မြင်းမူမြို့ အောင်ဇေယျရပ်ကွက် ချမ်းသာဘိုးဘွားရိပ်သာ၌ကျင်းပရာ မြင်းမူမြို့ ပဋ္ဌာနတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါသတ္ထထံမှ ငါးပါးသီလခံ ယူဆောက်တည်ကြပြီး မွေးနေ့အလှူရှင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ အမျိုးသားစာပေဆုရ ဦးတင်မြင့်(နေမျိုးသန့်)က ဆရာတော်၊ သံဃာတော်များနှင့် အဘိုး၊အဘွားများအား ဝတ္ထုငွေ၊ ပစ္စည်းများနှင့် ဆေးဝါးများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဆရာတော်၊သံဃာတော်များနှင့် အဘိုး၊အဘွားများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး တိုင်းရင်းဆေးခန်းမှူး ဆရာဦးနေအောင်က အဘိုး၊အဘွားများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးမောက်၌ ကွန်ကရစ်ရေကန်ဆောက်လုပ်

မိုးမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ၂၉ရက်က ဝဝမ်ကျေးရွာ အတွင်းတွင် တာဝန်ခံ အင်ဂျင်နီယာဦးနုးဆောင်ဦးဆောင်သောဝန်ထမ်းများ ကွန်ကရစ်ရေကန် ဆောက်လုပ်နေမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက အနီးကပ်ကြီးကြပ်ပေးသည်။

(မြို့နယ်စည်ပင်)

ဝက်လက်တွင် အဝီစိတွင်းတူးဖော်

ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့သည် ဝက်လက်မြို့နယ် တပ်ရွာကျေးရွာ၌ နှစ်လက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၁၅ရက်က ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၃ ဦးအောင်ကိုကိုက စက်ရေတွင်း တူးဖော်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လှိုင်ကော်၌ ရိုးရာထမနဲထိုးပြိုင်

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်သည် ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲ၁နာရီက လှိုင်ကော်မြို့ သမိုင်းဝင်မြို့နာမ်ရွှေစေတီတော်ပရိဝုဏ်အတွင်း ကျင်းပသည့် ဌာနဆိုင်ရာ၊ မြို့နယ်နှင့် ရပ်ကွက်ပေါင်းစုံမြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်၍ပြိုင်ပွဲဝင် အသင်း ၂၈သင်း၏ တပျော်တပါး ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုကာ အထူးဆု၊ ပထမ၊ ဒုတိယဆုနှင့်တတိယဆုရရှိသော အသင်းများအား ဆုများပေးအပ် ချီးမြှင့်သည်။ (ခရိုင်ပြန်/ဆက်)

ပြည်ထောင်စုနေ့ အခမ်းအနား ဗန်းမော်၌ ကျင်းပ

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက် နံနက်၇နာရီက ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ခရိုင် ပြန်/ဆက်)

တောင်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၆ရက်က ရေအေးကွင်းရပ်ကွက် ရေထွက်ဦးလမ်းဘေးဝဲယာတစ်လျှောက် ချုံနွယ်နှင့် အမှိုက်သရိုက် များရှင်းလင်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း လုပ်ငန်းများကို ဒုတိယဦးစီးမှူး(သန့်)ဦးမျိုးလွင်ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူးဦးအောင်မြင့်နှင့်လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့အကြီးကျယ်ဆုံး၊ အခမ်းနားဆုံးအားကစားပွဲတော် ပေကျင်းအိုလံပစ် ၂၀၀၈ ပြင်ဆင်မှုအနေအထား

အင်တာနက်အားကစားမြင်ကွင်း – မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု – ထိန်လင်း

ပေကျင်း ဖေဖော်ဝါရီ ၂၄

ပေကျင်းအိုလံပစ် ၂၀၀၈ အားကစားပွဲတော်ကို လာမယ့်ဩဂုတ်လ၈ရက်မှာ စတင် ကျင်းပတော့မှာမို့ ဖေဖော်ဝါရီ ၂၄ရက်က စတွက်ရင် ရက်ပေါင်း၁၆၅ရက်သာ လိုပါတော့တယ်။

ကမ္ဘာပေါ်မှာကျင်းပပြီးသမျှ အိုလံပစ်ပွဲတော်တွေထဲမှာ အခမ်းနားဆုံး၊အစည်ကားဆုံးနဲ့ အကြီးကျယ်ဆုံး အိုလံပစ် အားကစားပွဲတော်ကြီးတစ်ရပ် ဖြစ်လာအောင် တရုတ်အစိုးရ အပါအဝင် ပေကျင်းအိုလံပစ် ၂၀၀၈ အားကစားပွဲတော် ကျင်းပရေးကော်မတီတို့က အစွမ်းကုန် ကြိုးစားနေကြပြီ ဖြစ်ပါတယ်။

ပေကျင်းမြို့ရှိ ပရိသတ် ၄၀၀၀၀ကြည့်ရှုနိုင်သည့် အိုလံပစ် အားကစားစင်တာအဆောက်အအုံ၏ ပုံစံကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-ဆင်ဟွာ)

ကြိုးစား

လာမယ့်ဩဂုတ် ၈ရက်မှ ၂၄ရက်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမယ့် ကမ္ဘာ့နိုင်ငံအသီးသီးက အားကစားသမားတွေအတွက် ပေကျင်းမြို့မှာ အစစအရာရာ လိုလေသေးမရှိအောင် ဝန်ဆောင်မှုပေးနိုင်ဖို့ တက်တက်ကြွကြွ ကြိုးစားနေကြပါတယ်။



ကျွမ်းဘားနှင့် အခြားအားကစားပြိုင်ပွဲများ ကျင်းပမည့် ရုံတွင်းအားကစားအဆောက်အအုံ ပုံစံကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-ဆင်ဟွာ)

ပေကျင်းအိုလံပစ် ၂၀၀၈မှာ ဘောလုံး၊ဘော်လီဘော၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ ရေကူး၊ စက်ဘီးနဲ့ဘတ်စကက်ဘောစတဲ့ အားကစားနည်းတွေ အပါအဝင် အားကစားပြိုင်ပွဲ အမျိုးအစားပေါင်း ၄၁မျိုးကို ပြိုင်ပွဲစုစုပေါင်း၃၀၂ပွဲ ယှဉ်ပြိုင်ကြရမှာဖြစ်ပါတယ်။ ပေကျင်းအိုလံပစ် ၂၀၀၈ပွဲတော် အခမ်းအနားစတင်ဖွင့်လှစ်တဲ့ ဩဂုတ် ၈ရက်နေ့မှာ ပြိုင်ပွဲတွေ စတင်ကျင်းပမှာမဟုတ်ဘဲ ဩဂုတ်၉ရက်နေ့ကစပြီး အားကစားပြိုင်ပွဲတွေ စတင်ကျင်းပသွားမှာ ဖြစ်ပါတယ်။

ပြီးစီး

ပေကျင်းအိုလံပစ်ပွဲတော်အတွက် အားကစားကွင်းတွေအနက် အမျိုးသားအိုလံပစ်အားကစားရုံ၊ ပရိသတ် ၄၀၀၀၀ ကြည့်နိုင်တဲ့ အိုလံပစ် အားကစား စင်တာ အဆောက်အအုံ၊ အကျယ်အဝန်း စတုရန်းမီတာ ၁၀၀၀၀ ကျယ်ဝန်းတဲ့အမျိုးသားရုံတွင်း အားကစားအဆောက်အအုံ၊ ပရိသတ် ၆၀၀၀ ကြည့် ရှုနိုင်တဲ့ အမျိုးသား ရေကူးကန် အဆောက် အအုံနဲ့ပေကျင်းသေနတ်ပစ်ခန်းမ အဆောက်အအုံတွေကတော့ အခုအချိန်မှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပါတယ်။ ပေကျင်းအိုလံပစ် အားကစား ပွဲတော်မှာ လာရောက် ပါဝင်ဆင်နွှဲကြမယ့် အားကစားသမားတွေ၊ အသင်းအုပ်ချုပ်သူတွေနဲ့ နည်းပြတွေအတွက် တည်းခိုဆောင်တွေ တည်ဆောက်ထားတာလည်း ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်လို့ လိုအပ်တဲ့ အချော ပြင်ဆင်မှုတွေကို ပြုလုပ်တဲ့ အနေအထားရောက်ရှိနေပြီ ဖြစ်ပါတယ်။



ပရိသတ် ၈၀၀၀၀ ကြည့်ရှုနိုင်မည့် ငှက်သိုက်ပုံစံ အမျိုးသား အားကစားရုံကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-ဆင်ဟွာ)

ပေကျင်း အိုလံပစ် ပွဲတော်မှာ ရုပ်/သံရိုက်ကူး ထုတ်လွှင့်ဖို့အတွက် အီရန်မှ မာဂျိစ်မာဂျိစ်အီ၊ ပြင်သစ်မှ ပါထရစ်လီကွန်တီ၊ ဗြိတိန်မှ ဒါယယ်ဂွတ်ရစ်၊ ဟောင်ကောင်မှ အင်ဒရူးလူဝီကောင်စတဲ့ နာမည်ကြီး ရုပ်/သံ ရိုက်ကူးရေး ဒါရိုက်တာတွေနဲ့လည်း စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါ့အပြင်



ပရိသတ် ၆၀၀၀ ကြည့်ရှုနိုင်သည့် အမျိုးသား ရေကူးကန် အဆောက်အအုံအတွင်း မြင်ကွင်း။ (ဓာတ်ပုံ-ဆင်ဟွာ)

တရုတ်နိုင်ငံ အတွင်းမှာ ပေကျင်းအိုလံပစ်ပွဲတော်အတွက် တည်ဆောက်မှု၊ ပြင်ဆင်မှု၊ စီစဉ်မှုနဲ့ လုပ်ငန်းဆောင်ရွက်နေမှုကို ရိုက်ကူးထားတဲ့ ရုပ်သံဓာတ်လမ်းတို လေးတွေကိုလည်း ဖေဖော်ဝါရီ ၂၈ ရက်ကစပြီး စီစီတီဗွီ-၂၊ ပေကျင်းတီဗွီတို့အပြင် အီတလီ၊ ပြင်သစ်၊ အီရန်စတဲ့နိုင်ငံတွေမှာ စတင်ထုတ်လွှင့်ပြသတော့မှာ ဖြစ်သလို တစ်ကမ္ဘာလုံးကိုလည်း ထုတ်လွှင့်သွားတော့မှာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံ တစ်ဝန်းမှာ ပေကျင်းအိုလံပစ်ပွဲတော် အကြိုအထိမ်းအမှတ်ပွဲတွေပြုလုပ်နေကြပြီ ဖြစ်သလို အထိမ်းအမှတ် တံဆိပ်ခေါင်းတွေ၊ လိုဂိုတံဆိပ်တွေနဲ့ ပေကျင်းအိုလံပစ်စာတန်းပါရှိတဲ့ လာဘ်ကောင်မျိုးစုံကိုလည်း အမှတ်တရ ပစ္စည်းတွေအဖြစ် စတင်ရောင်းချနေပြီ ဖြစ်ပါတယ်။ ပေကျင်းအိုလံပစ် လိုဂိုဒီဇိုင်း ပုံစံတွေကိုလည်း တရုတ်နိုင်ငံ နေရာအနှံ့အပြားမှာ တွေ့ရှိနေရပြီ ဖြစ်ပါတယ်။ ပေကျင်းအိုလံပစ် အထိမ်းအမှတ် တံဆိပ်ခေါင်းတွေကတော့ ခြောက်မျိုးလောက် ထုတ်လုပ်ပြီး တစ်ခုကို တရုတ် ယွမ်ငွေ ၆ဒသမ၈ယွမ်နဲ့ ရောင်းချပေးနေပြီ ဖြစ်ပါတယ်။

ပေကျင်း အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် ခေတ်မီလုံခြုံရေးစနစ်တွေကို အားကစားပြိုင်ပွဲများ ကျင်းပရာ အားကစားရုံများအတွင်း တပ်ဆင်ထားပြီးဖြစ်တဲ့အပြင် လုံခြုံရေးဝန်ထမ်းနှင့် အကူအညီပေးလုံခြုံရေးဝန်ထမ်းတွေ ထောင်ပေါင်းများစွာကိုလည်း အခုအချိန် ကတည်းက လေ့ကျင့်မှုတွေ ပြုလုပ်ပေးနေပြီဖြစ်ပါတယ်။

တာဝန်ချထား

ဒါ့အပြင် သယ်ယူပို့ဆောင်ရေးစနစ်ကိုလည်း အကောင်းဆုံး စီစဉ်ပေးထားပြီး ပေကျင်းအိုလံပစ်ပွဲတော်ကာလအတွင်းမှာ ယာဉ်စီးခနှုန်းထားတွေကို အထူးနှုန်းနဲ့ သတ်မှတ်ပေးထားမှာ ဖြစ်ပါတယ်။ ဧည့်သည်တွေ သွားလာရေး လွယ်ကူစေဖို့အတွက်လည်းဘူတာရုံ၊လေဆိပ်၊ဆိပ်ကမ်းနဲ့ အခြားဝင်ပေါက်၊ ထွက်ပေါက်တွေမှာ ဘာသာစကားကျွမ်းကျင်သူတွေကိုတာဝန်ပေးချထားမှာဖြစ်ပါတယ်။

ပေကျင်း အိုလံပစ်ပွဲတော်အတွက် အားကစားကွင်း၊ လုံခြုံရေး၊ ဆက်သွယ်ရေး၊ သွားလာရေးစတဲ့ လုပ်ငန်းတွေ အားလုံးဟာ ပြီးစီးနေပြီဖြစ်တာမို့ အပြီးသတ်ဆောင်ရွက်မှုတွေသာ ပြုလုပ်နေပြီဖြစ်ပါကြောင်း ပေကျင်းအိုလံပစ်ပွဲတော် အကြိုအဖြစ် တစေ့တစောင်း တင်ပြလိုက်ပါတယ်။ ။

ပထမအကြိမ် ဝိဇ္ဇာဓရနယပညာရပ်ဆွေးနွေးပွဲ ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ်က ကြီးမှူးကျင်းပသည့် ပထမအကြိမ် ဝိဇ္ဇာဓရနယ ပညာရပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၃ရက် နံနက်ပိုင်းက မန္တလေး အောင်မြေသာစံ မြို့နယ် တိုင်းရင်းဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက် အဖွင့်အမှာစကား ပြောကြား သည်။ (အောက်ပုံ)

အခမ်းအနားအပြီးတွင် တိုင်းမှူး သည် အခမ်းအနားသို့ တက်ရောက် လာသော တိုင်းရင်းဆေးသမားတော် ကြီးများ၊ ဝိဇ္ဇာဓရနယပညာရှင်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး အားပေး နှုတ်ဆက်သည်။ ထို့နောက် တိုင်းမှူးသည် တိုင်းရင်းဆေးတက္ကသိုလ် စာကြည့်တိုက်ရှိ e-Library ကို ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကျင်းပခဲ့

ပထမအကြိမ် ဝိဇ္ဇာဓရနယ ဆေးပညာဆွေးနွေးပွဲကို တိုင်းရင်းဆေး တက္ကသိုလ်(မန္တလေး)တွင် ဖေဖော်ဝါရီ ၁၃ရက်မှ ၁၅ရက်အထိ ကျင်းပခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဘိဓမ္မာနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင် ထူးချွန်စွာအောင် မြင်ခဲ့သော ကလျာဏယုဝတီ ဘွဲ့တံဆိပ်ရ မဖြိတ်ယုယုမွန်အား သမ္မတ နိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်ပိုင်ရှင် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်က ဘွဲ့လက်မှတ် ချီးမြှင့်စဉ်။ (က-ပ)

အဘိဓမ္မာနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ စာအောင်ဆုနှင်းသဘင် အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် ရမ်းဗြဲမြို့များတွင် လူငယ်များ အသိ အလိမ္မာတိုးပွားစေရန် သတ္တမအကြိမ် မြောက် အဘိဓမ္မာနှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲများကို ပုသိမ်မြို့ ပစ္ဆိမာ ရုံကျောင်းတိုက် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ခေမိန္ဒဆရာတော်က ကြီးမှူးကျင်းပ ခဲ့ရာ စာမေးပွဲဖြေဆိုသူ ၃၂၄ဦး အနက် ဖြေဆို အောင်မြင်သူ၁၂၆ဦးရှိသည်။

အဆိုပါ စာမေးပွဲအောင်မြင်သူ များအား စာအောင်ဆုနှင်းသဘင်ပွဲ အခမ်းအနားများကို ကျောက်ဖြူမြို့၌ ဖေဖော်ဝါရီ၁၂ရက်က ကျင်းပပြီး ရမ်းဗြဲ မြို့၌ ဖေဖော်ဝါရီ ၁၇ရက်တွင်ကျင်းပ ခဲ့သည်။ ထူးချွန်စွာ အောင်မြင်ခဲ့ကြ သော အလယ်တန်းပြဆရာမ ဒေါ်ငွေး ငွေးမြင့်အား ဓမ္မဗဟုသုတ ကုလဝိ သေသီ ဘွဲ့တံဆိပ်နှင့် ဆုငွေကျပ် သုံးသိန်းငါးသောင်း၊ သတ္တမတန်း ကျောင်းသူ မဖြိတ်ယုယုမွန်အား ကလျာဏယုဝတီ ဘွဲ့တံဆိပ်နှင့်အတူ ဆုငွေကျပ် တစ်သိန်း၊အခြားစာမေးပွဲ အောင်မြင်သူ ၁၂၄ဦးတို့အား စာမေးပွဲ အောင်လက်မှတ်နှင့် ဆုငွေပစ္စည်းများ ကို ဦးဆောင်နာယက ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒက ချီးမြှင့်ပေးသည်။

(က-ပ)

အမှတ် (၇) မွှာရုံလမ်း အမှုထမ်းရပ်ကွက် သန်လျင်မြို့နေ ဒေါ်တင်မြ မိသားစုက မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့သို့ ငွေပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နှင့် အမှုဆောင်အဖွဲ့ဝင် များက လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇:၀၀ - ၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅ **"အမေအိုရဲ့ဒုက္ခ"** တရားတော် (ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
၈:၀၀ - ၂:၀၀ Soccer Update
၈:၁၅ - ၂:၁၅ ဘဝရပ်ဝန်းထဲသို့ သပ်ရပ်စွာ သက်ဆင်းလာသော ဘာသာရပ်များ
၈:၅၀ - ၂:၅၀ ဗုဒ္ဓဒေသနာကို စနစ်သစ်ဖြင့် လေ့လာခြင်း (အပိုင်း-၁)
၉:၁၀ - ၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ - ၃:၂၀ တေးဂီတအစီအစဉ်
၉:၂၅ - ၃:၂၅ လေလွင့်ခြင်း၏ ရွှေရောင်ခြေလှမ်းသစ်
၉:၄၀ - ၃:၄၀ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ဒေါက်တာ မင်းတင်မွန်နှင့် တွေ့ဆုံခြင်း)
၁၀:၀၀ - ၄:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅ - ၄:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ - ၄:၁၀ သေသပ်လှပ အနားနှစ်ဖက်ပတ်တီးစ
၁၀:၂၅ - ၄:၂၅ မိုးလေဝသခန့်မှန်းချက်
၁၀:၃၀ - ၄:၃၀ တေးဂီတအစီအစဉ်
၁၀:၃၅ - ၄:၃၅ MRTV-4 ကျန်းမာရေးကဏ္ဍ(သွေးတိုးရောဂါ အကြောင်း သိကောင်းစရာ) (ပါမောက္ခ ဒေါက်တာခင်မေစန်း)
၁၁:၀၀ - ၅:၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀ - ၅:၁၀ တေးဂီတအစီအစဉ်
၁၁:၁၅ - ၅:၁၅ ထူးမြတ်ပူဇော် ကြေးပိဋကတ်အလှူတော်
၁၁:၃၅ - ၅:၃၅ နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၄၀ - ၅:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅ - ၅:၄၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ သွင်စုထွေးနှင့် တွေ့ဆုံခြင်း)
၁၂:၁၀ - ၆:၁၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အမည်မဖော်လိုသူအချစ်)
၁၂:၄၀ - ၆:၄၀ ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၂:၅၀ - ၆:၅၀ တေးဂီတအစီအစဉ်
၁:၀၀ - ၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Man City- Everton	ESPN (Live)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

မီးရှူးမီးပန်းကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

မန္တလေးတိုင်း အမရပူရမြို့ လေးစုရပ်ကွက် လေးစုရပ်တွင် မီးရှူးမီးပန်း ပြုလုပ်ရောင်းချသော အိမ်တစ်အိမ်မှ မကြာခဏ မီးလန့်မှုများဖြစ်ခဲ့ရာ မီးဘေး အန္တရာယ် စိုးရိမ်ရပါသဖြင့် လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြ အပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ပုံကျစျေးသည်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ပဲခူးတိုင်း ညောင်လေးပင်မြို့ ဗိုလ်ထိန်ဝင်းလမ်းနှင့် ဘူတာလမ်းဆုံပတ် လည်တွင် အိမ်အဆောက်အအုံများရှေ့ စည်းကမ်းမဲ့ ပိတ်ဆို့ရောင်းချနေသော ပုံကျစျေးသည်များကြောင့် လူများနှင့် ဆိုက်ကား၊ စက်ဘီးများ သွားလာမှု ခက်ခဲပြီး အရေးပေါ် သွားလာရန် မလွယ်ကူပါသဖြင့် ထိုပုံကျဆိုင်နှင့် ဈေးသည်များကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ညောင်လေးပင်သား

အညော်နံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းရှင့်-

ပဲခူးတိုင်း ပြည်ခရိုင် ပေါင်းတည်မြို့ အုတ်ဖို (၂)ရပ်ကွက် ၃၉လမ်းနှင့် ၃၈ လမ်းထောင့် စည်ပင်သာယာ ရွှေတည်ဈေးသစ်ထိပ်ရှိ လမ်းဘေး ကျုံးကျော် ထမင်းဆိုင် တစ်ဆိုင်မှ တစ်နေကုန်ချက်ပြုတ်မှုကြောင့် အညော် နံ့များ အလွန်ဆိုးရွားလျက်ရှိရာ ပတ်ဝန်း ကျင်နေသူများ ကျန်းမာရေး ထိခိုက်ရ ပါသည်။ သို့ဖြစ်ပါ၍ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြ အပ်ပါသည်။

ညော်နံ့မခံနိုင်သူ

မြို့လယ်ကအိမ်သာ သန့်ရှင်းစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့လယ် ပန်းဘဲတန်းမြို့နယ် သိမ်တော်ကြီး ဓမ္မာရုံအတွင်း ဝင်ပေါက်၏ဘေးနှင့် အရှေ့မျက်နှာစာရှိ ကန်ထရိုက်အိမ်သာ မိလ္လာကန်မှာ ပြည့်လျှံ၍ ၂၆လမ်းအတွင်းနှင့် ရေမြောင်းထဲသို့ စီးဝင်လျက်ရှိရာ အနံ့ဆိုးများ ထွက်နေပါသဖြင့် သန့်ရှင်းရေးလုပ်ဆောင်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူဈေးသားများ

အရက်ပုန်းဆိုင် ဖယ်ရှားပေးပါ

စာတည်းရှင့်-

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင် ပိုင်း)မြို့နယ် ၆၅ရပ်ကွက် အင်းဝလမ်း အိမ်တစ်အိမ်တွင် အရက်ပုန်းဆိုင် ရောင်းချလျက်ရှိရာ အော်ဟစ်ဆူညံသံ များနှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်း ကျင် နေထိုင်သူများ စိတ်အနှောင့် အယှက် ဖြစ်ရပါသဖြင့် အဆိုပါ အရက်ပုန်းဆိုင်အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အင်းဝလမ်းသူ

မော်တော်ယာဉ်ကြီးများကြောင့် လမ်းများပျက်စီးရ

စာတည်းခင်ဗျား-

ပြည်မြို့ တရုပ်စုရပ်ကွက်အတွင်းရှိ နဂါးရုံလမ်း (ဝက်တိုးဘုရားလမ်း)နှင့် တိုက်ကြာလမ်းတို့တွင် မော်တော်ယာဉ်ကြီးများ ကုန်အပြည့်နှင့် ဝင်၊ထွက် ခြင်းများကြောင့် လမ်းများပျက်စီးနေပြီး သွားလာမှုခက်ခဲနေသဖြင့် လမ်းများ ပြန်လည်ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

တရုပ်စုသား

ဒေါက်တာရမ်းကုများ တားဆီးအရေးယူပေးပါ

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာကြီး နှင့်ဘေးပတ်လည် ကျေးရွာများတွင် ဒေါက်တာရမ်းကုများသည် မသန့်ရှင်းသည့် ဆေးထိုးပိုက်၊ ဆေးထိုးအပ်များကို တရားမဝင် အသုံးပြုနေမှုကြောင့် အိတ်ချ်အိုင်ဗွီ ရောဂါ ကူးစက်မှုများဖြစ်ပွားနိုင်ပါသဖြင့် သက်ဆိုင်ရာမှ တားဆီးအရေးယူ ပေးပါရန် တင်ပြအပ်ပါသည်။

မော်လူးသားများ

ကြက်ချေးအနံ့ဆိုး ရှင်းလင်းဆောင်ရွက်ပြီးစီး

၁၀-၁၂-၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဒိုက်ဦးမြို့ (၈)ရပ်ကွက် စာကျောင်းပိုင်းတွင် ကြက်ချေးအနံ့ဆိုး ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ပိုးသတ်ဆေးအနံ့ဆိုး ဖယ်ရှားပြီးစီး

၂၈-၁-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကြို့ပင်ကောက်မြို့မှ ပိုးသတ်ဆေးအနံ့ဆိုးမခံနိုင်** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက် ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

အမှုန့်ကြိတ်စက်ဆူညံသံ ကြပ်မတ်ပြီးစီး

၂၈-၁-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မွန်ပြည်နယ် ပေါင်မြို့ဇင်းကျိုက်ကျေးရွာ အမှတ် ၁၁ ရပ်ကွက်မှ အမှုန့်ကြိတ်စက် ဆူညံသံ ကြပ်မတ်ပေးစေလို** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက် ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ကိုးကွေ့-ပေါင်းလောင်းလမ်းပိုင်း ကျောက်ချောလမ်းနှင့်တံတားများတည်ဆောက် စက်ယန္တရားကြီးများအသုံးပြု၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက်ဖေဖော်ဝါရီ၁၈ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့နှင့် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့တို့ ဆောင်ရွက်သော ခရိုင်ချင်းဆက် လမ်းအမှတ်(၂) ကိုးကွေ့-ပေါင်းလောင်းချောင်း ဂမုန်းတောင်လမ်းပိုင်း ကျောက်ချောလမ်းခင်းမှုကို စစ်ဆေးသည်။ **(အောက်ပုံ)**

လျာထားချက်

ရေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ကိုးကွေ့ရွာ ရှင်းလင်းဆောင်သို့ရောက်ရှိလာရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးလှမျိုးက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ကျောက်ချောလမ်းခင်းရန်လျာထားချက်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ကိုးကွေ့-ပေါင်းလောင်းချောင်းလမ်းပိုင်း မိုင်တိုင် ၁မိုင်၅ဖာလုံနှင့် မိုင်တိုင် ၄မိုင် ၇ဖာလုံတွင် ကျောက်ချောလမ်းခင်းနေမှု၊မိုင်တိုင် ၄မိုင် ၃ ဖာလုံနှင့်မိုင်တိုင် ၅ မိုင် ၁ ဖာလုံတွင် သစ်သားတံတားများ တည်ဆောက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်လျက်ရှိသော ပေါင်းလောင်းချောင်း ဂမုန်းတောင်အပိုင်းသို့ရောက်ရှိလာရာ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ၂၀၀၇-၂၀၀၈ ခုနှစ် ကျောက်ချောလမ်းခင်းရန် လျာထားချက်နှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြသည်။

အချိန်မီ

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မိုင်တိုင် ၆ မိုင် ၁ ဖာလုံ နှင့် ၈ မိုင်တွင် မတ်စောက်သည့် လမ်းကြောင်းများကို စက်ယန္တရားကြီးများအသုံးပြု၍ နိမ့်မြင့်ဖြေချမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဂမုန်းတောင်ကျေးရွာအနီး ရေတာရှည်မြို့နယ်မှ တာဝန်ယူဆောင်ရွက်နေသည့် ကျောက်ချောလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်း ပြည့်မီရေး၊ လမ်းဘေးရေနုတ်မြောင်းများ တူးဖော်ရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

(သတင်းစဉ်)

ပခုက္ကူ ဇောတိကလမ်း ကတ္တရာလမ်းသစ်ဖွင့်

ပခုက္ကူ ဖေဖော်ဝါရီ ၂၂

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သော ဇောတိကလမ်း ကတ္တရာလမ်းသစ်ကို ဖေဖော်ဝါရီ ၅ရက်က မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)**၊ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်စိုးနှင့် ပခုက္ကူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တာဝန်ခံ ဦးကျော်တင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စာစီစာကုံးပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်

မိုင်းဖြတ် ဖေဖော်ဝါရီ ၁၈

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဖေဖော်ဝါရီ ၈ရက် နံနက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်ဟိုနားအလက၁ ၌ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာချိုက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးစိုင်းဆမ်တစ်နှင့် ဆရာမတစ်ဦးက ပြည်ထောင်စုနေ့ အကြောင်း ဆွေးနွေးဟောပြောကာ ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲကို မိုင်းဖြတ် အထကတွင် ကျင်းပရာ ဆုရသူများကို ခရိုင်ဦးစီးအရာရှိက ဆုပေးအပ်ချီးမြှင့်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူရှင်များဂုဏ်ပြု

ကျောင်းကုန်း ဖေဖော်ဝါရီ ၉

ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀နာရီက ဇရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အောက်ပိုင်း အလက(ခွဲ)၌ ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးတင့်ဆွေ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသိန်းထွန်း၊ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးခင်စိုးနှင့် ကျောင်းအုပ်ဆရာကြီး ဦးစိန်သန်းဦး တို့က အမှာစကား ပြောကြားကြသည်။

ဂုဏ်ပြု

ဆက်လက်၍သူငယ်တန်းမှအဋ္ဌမတန်းအထိ ပညာရည်ထူးချွန်သူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြပြီး အလှူရှင်များအားဂုဏ်ပြုပွဲနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ရာ အလှူရှင် ဦးမျိုးမြင့် (ဈေးခေါင်း-အငြိမ်းစား) - ဒေါ်ညွန့်ရီ မိသားစုက စာသင်ကျောင်းအတွက် ကာလတန်ဖိုးငွေကျပ် ၈၂၆၀၀၀တန် လီတာ ၁၅၀၀ ဝင် စတီးလ်ရေစည်၊ ရေစည်တင်အုတ်ခုံနှင့် မော်တာတို့ကို လှူဒါန်းရာ ကျောင်းအုပ် ဆရာကြီး ဦးစိန်သန်းဦးက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** (၁၅၄)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် ကသာမြို့ ပီတောက်ရွှေဝါလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးထွန်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)ဒေါ်အေးမြင့်ခိုင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော ၂၂လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ၅ရက်က အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်မန်းဒေတို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဓမ္မအလင်းတန်း စာကြည့်တိုက်ဖွင့်

မအူပင် ဇန်နဝါရီ ၂၀

မအူပင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၁၂ရက်က မအူပင် မြို့နယ် ပန်တပွတ်ကျေးရွာအုပ်စု မရမ်းကွေ့ အနောက်ကျေးရွာ ဓမ္မအလင်းတန်း စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မရမ်းကွေ့ကျေးရွာ ဆရာတော် ဦးပညာဝံသ၊ ခရိုင်ဥက္ကဋ္ဌ ဦးငွေးဝင်း၊ မြို့နယ်အတွင်းရေးမှူး ဒေါ်ခင်မာမြင့်တို့က ဓမ္မအလင်းတန်းစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်ဥက္ကဋ္ဌက လှူဒါန်းငွေကျပ်တစ်သောင်း၊ နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာဝင်းနိုင်ထွန်းက ငွေကျပ်ငါးထောင်နှင့် အခြားအလှူရှင်များက ငွေကျပ် နှစ်သောင်းခြောက်ထောင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ရသစာအုပ် ၂၀၀၊ အလှူရှင် ဦးကျင်ဝင်းက စာအုပ် ၁၇၅အုပ်နှင့် ဂျာနယ်မဂ္ဂဇင်းများ ပေးအပ်လှူဒါန်းကြသည်။ (၄၂၁)

ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေးဆင့်ပွားသင်တန်း မြောင်းမြ၌ဖွင့်

မြောင်းမြ ဖေဖော်ဝါရီ ၂၀

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း မြောင်းမြခရိုင် ရဲကျော်သူခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် ဥက္ကဋ္ဌ ဦးအေးဟန်၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကြည်ကြည်သိန်းနှင့် ခရိုင်မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်အောင်တို့က အမှာစကားပြောကြားကြသည်။

အဆိုပါဆင့်ပွားသင်တန်းကို ဖေဖော်ဝါရီ ၇ရက်မှ ၉ရက်အထိ သုံးရက်ကြာဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၄၀တက်ရောက်ခဲ့ကြပြီး ဗဟိုမှ ဒေါက်တာ မေဝင်းရွှေ၊ ဒေါက်တာဒေါ်ခင်ငွေးနှင့် ဒေါက်တာအောင်သိန်းမြင့်တို့က ကြက်မွေးမြူ ထုတ်လုပ်ရေး၊ ဇီဝ လုံခြုံရေးတို့နှင့် ပတ်သက်၍ သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

သန်လျင်မြို့ ဗိုလ်ချုပ်နေဝင်းလမ်း မြို့မဈေးတောင်ဘက် ကြက်လျှာစွန်းအနီးတွင် မြောင်းကူးတံတားဆောင်ရွက်မှုကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ဖေဖော်ဝါရီ ၄ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးသန်းလွင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကြံသုတေသန မျိုးပွားခြံနှင့် သီးညှပ်နေကြာစိုက်ခင်းများ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ နံနက် ၇ နာရီက နေပြည်တော် ပျဉ်းမနားမြို့နယ် သပြေလုကျေးရွာရှိ ကြံသုတေသန မျိုးပွားခြံသို့ရောက်ရှိရာ ရှေးဦးစွာ ကြံသီးနှံလုပ်ငန်းဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစံသိန်းက ကြံသုတေသနမျိုးပွားခြံ၏ လက်ရှိဆောင်ရွက်နေသော သုတေသနစမ်းသပ်စိုက်ပျိုးမှုများနှင့် ဆက်လက်လုပ်ကိုင် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကြံသုတေသန မျိုးပွားခြံတာဝန်ခံ ဒေါ်ညိုညိုအောင်နှင့် တာဝန်ရှိသူများက မျိုးပွားခြံအတွင်း သိပ္ပံနည်းကျစနစ်တကျ ကြံမျိုးပွားထားမှုနှင့် ကြံပင်တစ်သျှူးများ *စာမျက်နှာ ၉ ကော်လံ ၁* ❐

နေကြာသီးညှပ်စိုက်ခင်း

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ တောင်သူဦးပေသီး၏ မတ်ပဲစိုက်ခင်းတွင် အောင်မြင်ဖြစ်ထွန်းနေသော နေကြာသီးညှပ်စိုက်ခင်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

Orbis International မျက်စိကုလေယာဉ် ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် Orbis International တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ Orbis International မှ Executive Director Mr. Geoffrey Holland နှင့် Flying Hospital မှ Director Mr. Erwin Timmerman တို့ ဦးဆောင်သော အဖွဲ့ဝင် ၂၉ ဦးပါ Orbis International မျက်စိကုလေယာဉ်သည် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)သို့ ရောက်ရှိလာရာ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာသိမ်းဝေ၊ မျက်စိရောဂါအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာရဲလွင်နှင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများအကြား ပိုမိုချစ်ကြည်ရင်းနှီးလာမည့် (၅)ကြိမ်မြောက် မဲခေါင်ဒေသ လူငယ်ချစ်ကြည်ရေးခရီးစဉ်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - အေးသန္တာသိန်း (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ဟေးပြည်နယ်ရှိ တန်ဂူလတောင်တန်းမှ မြစ်ဖျားခံ၍ တရုတ်၊ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့ကို ဖြတ်သန်းစီးဆင်းနေသည့် အရှေ့တောင်အာရှဒေသတွင် အရှည်ဆုံးဖြစ်သည့် မဲခေါင်မြစ်...။ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိစေရန်အတွက် (၅)ကြိမ်မြောက် မဲခေါင်ဒေသ လူငယ်ချစ်ကြည်ရေးခရီးစဉ်ကို ဒေါက်တာထိန်ဝင်း ခေါင်းဆောင်ပြီး အဖွဲ့ဝင် ၁၁ ဦး လိုက်ပါလာသော မြန်မာလူငယ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့မှာ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာလာခဲ့ပြီ။ *စာမျက်နှာ ၈ ကော်လံ ၁* ■

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား